
စိတ်ကူးချိုချိုအနုပညာ

ကြပ်ကလေး

# ဒင်္ဂါးတိုင်းပြည်

နှင့်

## ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)



mayoe.com

mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

## ကြုပ်ကလေး ၏ ဟာသပုံပြင်များကို

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နာခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)
သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)
ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)
ဒဂီးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)
ရွေ့ရွေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၅)
ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)
သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)
ကိုယ်ပျောက်ကြက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၈)
စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၉)
ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁၀)

စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ

KKL0005
1,000.00 KS

mgyoe.com

၃၉၇ · ၂

ကြပ်ကလေး
ဒင်္ဂါးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ/
ကြပ်ကလေး။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။
စာမျက်နှာ ၂၃၂ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၇·၃ စင်တီ
(၁) ဒင်္ဂါးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ဒင်္ဂါးတိုင်းပြည်နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ (၄)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၇၉၀၈၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၃၇၀၇၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း **Mg Mg** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လ တွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ဝင်းမမ

mgyoe.com

mgyoe.com

## မာတိကာ


၁။ အပါယ်ခံကလေး ငဖျစ် ၁

၂။ သက်ဝေကျော်နှင့် အဖော်သုံးဦး ၂၆

၃။ ရသေ့သီလကြောင် ၄၉

၄။ လကိုကိုင်သောလက် ၇၀

၅။ စံဘော်တို့ ညီအစ်ကို ၉၀

၆။ ရောင်စုံအဘိုးကြီးသုံးယောက် ၁၁၁

၇။ နဂေ့ာ်နမဲ့မောင်မောင်ချဲ့ ၁၃၇

၈။ နှာခေါင်းလှသော မိန်းကလေး ၁၆၀

၉။ တစ်ကောင်ကြွက်နှင့် သံပျောက်သမီးတော် ၁၈၅

၁၀။ ဒင်္ဂါးတိုင်းပြည် ၂၀၆


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## အပါယ်ခံကလေး ငဖျစ်

ငဖျစ်သည် သူ့မိဘများ၏ ခုနစ်ယောက်မြောက် ကလေး တစ်ဦးဖြစ်၏။ သူတို့မိသားစု၏ဝင်ငွေမှာ တောင့်တင်းတင်း မဟုတ်သဖြင့် ငဖျစ်၏မိဘများမှာ သားသမီးခုနစ်ဦးကို အတော်ပင် ကြိုးစားပမ်းစား ရှာဖွေကျွေးမွေးကြရ၏။ သို့ရာတွင် အခြားသော သားသမီးများနည်းတူစာပေကျွနစေရန် ငဖျစ်ကိုလည်း ဆရာတော် ဦးကောဝိဒထံတွင် အပ်နှံ၍ စာသင်ကြားစေခဲ့ပါ၏။

ဆရာတော်ဦးကောဝိဒမှာ စာပေကျမ်းဂန် လွန်စွာမှတတ်ကျွမ်း လှသဖြင့် ရှင်ဘုရင်၏သားတော်များသာမက၊ မှူးကြီးမတ်ရာများ၏ သားများလည်း ဆရာတော်ထံတွင် လာရောက်ပညာသင်ကြားကြရ သည်။

ဆရာတော်ဘုရားသည် တပည့်များကို စာပေသင်ကြားပေးရုံ သာမက၊ မိမိတိုင်းပြည်နှင့် လူမျိုးကိုလည်းချစ်တတ်အောင် အခါ အခွင့်ရတိုင်း သွန်သင်တတ်ပေသည်။ ဆရာတော်ကိုယ်တိုင်က လည်း တိုင်းပြည်နှင့်လူမျိုးကို တော်တော်ပင်ချစ်၏။ မြို့ဦးဘုရား စေတီပောင်းကြီး ပြိုကျပျက်စီးရာက တွေ့ရှိခဲ့ရသော ကြေးပုရ

mgyoe.com

mgyoe.com


ပိုက်ငယ်ကလေးတွင် "ညလင်းရည်ကို ရရှိသောလူစွမ်းကောင်းသည် ဇယမင်္ဂလပြည်ကြီး ဒုက္ခရောက်လျှင် ကယ်တင်နိုင်ပေအံ့" ဟူသော စာကြောင်းတကြောင်းပါရှိသောကြောင့် ဆရာတော်သည် ဖိုတစ်လုံးနှင့် ခွာတ်လုံးထိုးကာ ညလင်းရည်ကို စမ်းသပ်ဖော်စပ်နေပေသည်။ သို့သော် ယခုအချိန်အထိတော့ စပ်ပြီးသားဆေးရည်မှန်သမျှမှာ မှောင်ထဲတွင်ချထားရာက ခလုတ်တိုက်၍ မှောက်ကုန်သည်ချည့်ဖြစ်ပေ၏။

အသက်ဆယ့်နှစ်နှစ်မျှရှိသေးသော ငဖျစ်လေးမှာ ဆရာတော်ထံမှတစ်ဆင့် ကြားသိရသော ညလင်းရည်နှင့်ပတ်သက်၍ စိတ်ကူးယဉ်ပြီး စိတ်ကူးထဲတွင် လူစွမ်းကောင်းလုပ်၍ ဇယမင်္ဂလနေပြည်တော်ကြီးကို ကယ်တင်၍နေခဲ့ရာ ခြောက်လမျှကြာသော် လက်မြှောက်၍ မှေ့ပစ်လိုက်လေ၏။

တစ်နေ့တွင် စာသင်ချိန်ရောက်၍ ငဖျစ်သည် စာသင်ကြားပို့ချရာနေရာသို့ လာခဲ့၏။ သူထိုင်ရမည့်နေရာသို့အသွားတွင် လမ်းတွင်ကျနေသော ကန့်ကူတံကလေးတစ်ခုကို အမှတ်မထင်တက်နင်းမိရာ ကန့်ကူတံလေးမှာ သုံးပိုင်းမျှကျိုးသွားလေ၏။ ဘေးနားတွင် ကုန်း၍ စာကြည့်နေသော ဗလရာမသည် ဒေါသဖြင့် မော့ကြည့်သည်။ ဗလရာမသည်ကား ဘုရင်မင်းမြတ်၏အားကိုးရာ ပေဒင်ပညာကျော် ဟူးရားပုရောဟိတ်ကြီး၏သားပင် ဖြစ်၏။

"ဟေ့-ငဖျစ်"

ဗလရာမက ခပ်ငေါက်ငေါက်ခေါ်လိုက်၏။

နင်းမိမှန်းလည်းမသိ၊ နင်းမိသောကန့်ကူတံ ကျိုးသွားမှန်းလည်းမသိဘဲ ကိုယ့်နေရာသို့ ဆရာတော်မရောက်မီ ရောက်နှင့်အောင်

mgyoe.com

mgyoe.com



ဇောနှင့်သွားနေသော ငဖျစ်မှာ နောက်က ခေါ်သံကြောင့် ပြန်ကွေ့ လာခဲ့သည်။

"အော် . . ဗလရာမ ငါ့ကိုခေါ်သလား"

"ခေါ်တယ် . . မင်း မျက်စိကန်းနေသလား"

"အို . . ခေါ်သံနဲ့မျက်စိနဲ့ ဘာဆိုင်လို့လဲ၊ ခေါ်သံဆိုတာ ကြည့် လို့ရတာမှမဟုတ်ဘဲ . . မျက်စိကန်းနေလဲ ကြားနိုင်တာပဲ"

"မင်း တော်တော်လျှာရှည်တယ်၊ ငါမေးတာသာ ဖြေစမ်း"

"အေးပါ၊ ဖြေပါ့မယ်၊ ပြန်မေးလေ . . ဘာသိချင်သလဲ"

"ငဖျစ် . . "

ငဖျစ်သည် နှုတ်ဆိတ်စွာနှင့်ပင် ဗလရာမကို စိုက်ကြည့်နေ၏။ ဗလရာမသည် ဒေါသပို၍ထွက်ကာ မတ်တပ်ရပ်လိုက်သည်။

"ဟေ့ . . ဘာလဲ၊ မင်းအ,သွားပြီလား"

"အို . . ငဖျစ်ဆိုတာ မေးခွန်းပုစ္ဆာမှ မဟုတ်တာ၊ ငါ ဘာပြန်ဖြေ ရမှာလဲ . . "

"မင်း မျက်စိကန်းသလား"

"မကန်းဘူး"

"ဒါဖြင့် . . ဒါဘာလဲ"

ဗလရာမသည် ဆုပ်ထားသောလက်ကိုဖြန့်ပြ၏။ ငဖျစ်က ငုံ့ ကြည့်၍ ပြန်ဖြေလိုက်သည်။

"ကန့်ကူတံ . . အပိုင်းကလေးသုံးခု . . "

"ဩ . . တယ် . . ဟုတ်ပါလား"

"ဟုတ်ရမှာပေါ့. ငါသေသေချာချာကြည့်ပြီး ပြောတာပဲဟာ"

"ဒါ ဘာကြောင့် . . ကျိုးသွားတာလဲ"

mgyoe.com

mgyoe.com


"ကန့်ကူတံမို့ပေါ့ကွ၊ သံချောင်းဆို ကျိုးပါ့မလား"

"မင်း အခုနက တက်နင်းမိလိုက်လို့ကွ၊ သိပလား. . တယ်. . ငါ . . ဟင်း"

"ဒါက ဘာဖြစ်တာလဲ. . ဗလရာမ"

"ဒေါသထွက်တာကွ၊ ဒေါသထွက်တာ. ."

"ဒါဖြင့်လည်း ငါတောင်းပန်ပါတယ် . . သူငယ်ချင်း. ."

ငဖျစ်က ဤသို့ 'သူငယ်ချင်း'ဟုခေါ်လိုက်ရာ ဗလရာမမှာ ပို၍ပင် ဒေါသထွက်သွားပြန်လေသည်။

"ဟေ့. . . မင်းတို့က သူဆင်းရဲ၊ ငါတို့က နန်းတွင်းဝင်ရတဲ့ မျိုးတော်မတ်တော်မျိုး၊ ဒီတော့ ငါ့ကို သူငယ်ချင်းလို့ မခေါ်နဲ့"

"သူငယ်ချင်းလို့ မခေါ်ရရင်လည်း မခေါ်ပါဖူး ရန်သူကြီးရယ်"

"ဘာကွ. . ဘာပေါ့တာလည်း၊ အကြည်တော်လို့ခေါ်ရတယ် ဟ"

"ဟာ-ကျီတော်ဆိုတာ ဘုရင့်စပါးတွေထည့်ရတာပဲကွ၊ မင်းနဲ့ ဘဆိုင်လို့လဲ"

"မင်းတို့ဆင်းရဲသားတွေဟာ တယ်ပြောရခက်တယ်၊ စကား မရှည်နဲ့၊ ငါ့ကန့်ကူတံတွေကို ပြန်လျော်ပေးကွာ. ."

ငဖျစ်သည် ပျာပျာသလဲပင် သူ့ပလိုင်းကလေးထဲမှ ကန့်ကူတံကို နှိုက်၍ ပေးလိုက်၏။

"ဒါဖြင့်. . ငါ့ ကန့်ကူတံကိုပဲ အစားယူလိုက်ပါတော့ သူငယ်ချင်း. . အဲလေ. ကျီတော်ကျတော်ကြီးရယ်"

ဗလရာမသည် ငဖျစ်၏လက်ဝါးထဲက ကန့်ကူတံကိုငုံ့ကြည့်ပြီး မျက်နှာကြီးကို ရှုံ့မဲ့ပစ်လိုက်သည်။ ဤတွင် ငဖျစ်က မေးလိုက်၏။
mgyoe.com

mgyoe.com


"ဟော့. . ဒါဟာ ကန့်ကူတံကွ၊ ခွေးချေးမဟုတ်ပါဘူး"

ဗလရာမသည် ဦးခေါင်းကို ခါရမ်းလိုက်သည်။

"ငါ့ ကန့်ကူတံက ပိုရှည်တယ်၊ မလိုချင်ဖူး၊ ငါ့ကန့်ကူတံ အရွယ်ပဲ ပြန်ပေး"

ဗလရာမက ဤသို့ပြန်ပြောလိုက်သောအခါ ငဖျစ်၏မျက်နှာမှာ ညှိုးငယ်သွားရှာလေတော့သည်။ သူ့မိဘများသည် ငွေကြေးချောင်လည်ကြသူများမဟုတ်။ ဤကန့်ကူတံလေးကိုပင် အိမ်နီးချင်း ဆေးဆရာကြီး ဦးကြက်တောက သနားသဖြင့် ပေး၍ ရထားခြင်း မဟုတ်ပါလား။

"သူငယ်ချင်း. . အဲလေ. ကျီတော်ကျတော်ကြီးရယ်. . ဒါပဲယူပါကွာ၊ ငါတို့ကဆင်းရဲသားပါ. ."

"အော်. . ဆင်းရဲသားက ကန့်ကူတံတော့ တက်နင်းတတ်သလား"

"ဟ. . ကန့်ကူတံတက်နင်းတာ သူဌေးမှလုပ်တတ်ရမှာလား၊ အိမ်က အောင်နက်တောင် တက်နင်းတတ်သေးတယ်"

"အောင်မာ. . မင်းက စာတော်လို့ မာနတက်သပေါ့လေ၊ ကဲကွာ. . စော်ကားအုံး. . ကဲ. ."

ပြောပြောဆိုဆိုနှင့် ဗလရာမသည် ငဖျစ်၏ခေါင်းကို လက်သီးဖြင့် နှစ်ချက်ဆင့်ထိုးလိုက်၏။ ငဖျစ်သည် သူ့ကန့်ကူတံလေးကို ပလိုင်းထဲပြန်ထည့်ကာ ပလိုင်းလေးကို လွတ်ရာဘေးသို့ ချထားပြီး ဗလရာမကို မျက်နှာချင်းဆိုင် ပြန်ဆိုင်လိုက်၏။

ဤတွင် ငဖျစ်၏ပုံပန်းကို ဖော်ပြရပေဦးမည်။

ငဖျစ်သည် စိတ်ကောင်းရှိသော်လည်း ဘဝအကျိုးပေးကား

mgyoe.com

mgyoe.com


မကောင်းလှချေ။ အသားမည်းမည်း၊ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်၊ ဆံပင်ကလည်း ကောက်သေး၏။ သို့သော် သူ့ကို ဘီလူးဟုတော့ မပြောနိုင်။ အဘယ့်ကြောင့်ဆိုသော် သူ့မျက်လုံးများမှာ မှေးလှ၏။ သူ့ဘာသာသူဆိုလျှင် အရုပ်မြင့်ကောင်းမြင့်မည်။ ယခုတော့ ခြေများက ခွင်နေကြသဖြင့် အရပ်ချင်းတူနေလျှင် သူက ပုနေရသည်။

စိတ်ကောင်းကား တကယ်ရှိသည်။ ဒေါသမထွက်လွယ်တတ်ချေ။ ယခု သူသည် ဗလရာမနှင့် မျက်နှာချင်းဆိုင်လိုက်သည်မှာလည်း ဒေါသဖြင့် ရင်ဆိုင်ခြင်းမဟုတ်၊ စိတ်အေးအေးနှင့် သတ္တိရှိစွာ ရင်ဆိုင်လိုက်ခြင်းသာဖြစ်သည်။

အခြားကျောင်းသားများလည်း ဝိုင်းအုံလာကြတော့၏။

ဗလရာမကား စွာသာစွာ၍ သတ္တိရှိသူမဟုတ်ပေ။ စောစောက ငဖျစ်ကို သူက ထိုးနှက်လိုက်သော်လည်း ယခုကဲ့သို့ မျက်နှာချင်းဆိုင်လိုက်ရာတွင် ငဖျစ်၏အရုပ်ဆိုးသောမျက်နှာမှာ ဒေါသထွက်နေသကဲ့သို့ ရှိသဖြင့် ဗလရာမသည် ကြောက်ဒူးတွေတုန်လာလေ၏။ ပါးစပ်ထဲမှ သွားအချင်းချင်းလည်း တဂတ်ဂတ်နှင့် ရိုက်နေကြတော့သည်။

ထိုအခိုက် ဆရာတော်ကြွရောက်လာလေ၏။

ဗလရာမသည် အားကိုးရှာနေခိုက်တွင် ဆရာတော်ကြွလာသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ဆရာတော်ထံသို့ပြေးသွားလေတော့သည်။

"ဆရာတော်ဘုရား. . ဆရာတော်ဘုရား. . သူ တပည့်တော်ကို ရန်ပြုပါတယ်"

mgyoe.com

mgyoe.com


ဤသို့ပင် ဗလရာမက ငဖျစ်ကို လက်ညှိုးထိုး၍ ဦးအောင်တိုင် လိုက်၏။ သို့သော် ဘေးနားက ကျောင်းသားများကပါ ဝင်၍အဖြစ် မှန်ကို တင်လျှောက်ကြလေရာ ဆရာတော်သည် ဤကိစ္စ၌ ငဖျစ် မလွန်ဘဲ ဗလရာမ လွန်သည်ကို သိသွားရသည်။

"ကျောင်းသားတွေကို ရိုက်နှက်စရာရှိရင်. . ငါပဲရိုက်မယ်၊ ငါ့ကို သာလာတိုင်ကြရမယ်. . ကျောင်းသားအချင်းချင်း ရိုက်နှက်ခွင့်၊ ထိုးသတ်ပိုင်ခွင့်မရှိဘူးလို့ ငါပြောထားပါလျက်ကနဲ့ ငါ့စည်းကမ်းကို ချိုးဖောက်တယ်. . "

ဆရာတော်သည် ဗလရာမကို ကြိမ်ဖြင့်ဆော်လေ၏။

သို့သော် . . ဤမီးသည် ဤတွင်ငြိမ်းမသွား၊ ဤကိစ္စသည် ဤ တွင်ရပ်မသွားချေ။ ကျောင်းတော်က ရန်စသည် အိမ်တော်သို့ပင် ရောက်ခဲ့ချေ၏။

ဗလရာမသည် ဖခင်ဖြစ်သူ ပုရောဟိတ်ကြီးကို ငိုယိုတိုင်ကြား လေသည်။

ပုရောဟိတ်ကြီးမှာလည်း တပည့်တပန်းများနှင့် ဗေဒင်ပညာ ဆွေးနွေးနေလိုက်ဖြစ်၏။ သူချစ်လှသော သားငယ်သည် ငဖျစ် ကြောင့် ဆရာတော်၏ကြိမ်ဒဏ်ကို ခံခဲ့ရကြောင်း ကြားသိရသော အခါ ဒေါသအမျက်ချောင်းချောင်းထွက်လေ၏။ လက်ျာဘက်လက် သီးဆုပ်ဖြင့် သူ့ပေါင်ကိုသူထု၍ လွှတ်ခနဲကြိမ်းမောင်းလိုက်မိတော့ သည်။

"သယ်. . "

အနားက တပည့်တစ်ယောက်သည် ကုပ်ကုပ်၊ ကုပ်ကုပ်နှင့် ထသွားလေ၏။

mgyoe.com

mgyoe.com


"ဟဲ့. . ဒါက ဘယ်သွားတာတုံး"

ပုရောဟိတ်ကြီး၏ဟိန်းဟောက်သံကြောင့် တပည့်သည် ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်၍ကွေ့လာရပြန်သည်။

"တောင်းသွားယူမလို့ပါ ဆရာကြီး"

"ဘာလုပ်ဖို့တုန်း. . "

"ဆရာကြီးက . . သယ်. . ဆိုလို့ပါ"

"တယ်. . နင့် ကြီးတော်ကြီး သယ်. . "

တပည့်သည် ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်လှည့်သွားပြန်လေ၏။

"အော်. . ဒါက ဘာလုပ်ပြန်တာတုန်း"

ဆရာကြီးက ဟိန်းဟောက်ပြန်သဖြင့် တပည့်သည် ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်ကွေ့လာပြန်လေ၏။

"ဝေါ သွားရှာမလို့ပါ"

"ဘာလုပ်ဖို့တုန်း"

"ကျွန်တော့်ကြီးတော်ကြီးကို သယ်မလို့ပါ"

ပုရောဟိတ်ကြီး၏ဒေါသမှာ အဖျားတက်သလို ဖြစ်လာလေ၏။

"ဟင်း. . ဟင်း၊ တော်တော်ဖျင်းတဲ့ကောင်၊ ဒါနဲ့တောင် ဗေဒင်သင်မလို့တဲ့. . ဟင်းဟင်း"

"ဟုတ်ကဲ့. . ကျွန်တော့်အဘိုးက ပြောဖူးတယ်၊ ဖျင်းတဲ့လူတွေသာ ဗေဒင်ကိုသင်ရတယ်တဲ့. . တော်တဲ့လူတွေဆို ဆေးပညာကို သင်ရတယ်ဆိုပဲ"

"နင့်အဘိုးက ဘာလုပ်စားတုံး"

"သမားတော်ကြီးပါ"

mgyoe.com

mgyoe.com



"တယ်. . နင့်အဘိုးကို ငါသတ်ချင်လိုက်ပါဘိ"

"မမှီတော့ပါဘူးဆရာကြီး. . သူ သေနှင့်ပါပြီ"

ပုရောဟိတ်ကြီးသည် ဘာမျှဆက်မပြောတော့ချေ။ ဒေါနှင့်မောနှင့်ထွက်သွားလေရာ တပည့်များသည် ကြောက်ကြောက်နှင့် နောက်က မမှီမကမ်းခပ်သုတ်သုတ်လိုက်သွားကြရသည်။

ပုရောဟိတ်ကြီးသည် ငဖျစ်၏မိဘများထံသွား၍ သူသည် ညက အိပ်မက်မက်ကြောင်း၊ ငဖျစ်သည် နေပြည်တော်၏ အမင်္ဂလာကောင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိဘများက စွန့်ပစ်ရမည်ဖြစ်ကြောင်း၊ အကယ်၍ စွန့်မပစ်လျှင် ပထမအိမ်သူအိမ်သားအားလုံး သေဆုံးကြမည်။ ထို့နောက် တစ်ဆွေလုံးတစ်မျိုးလုံး သေဆုံးကြမည်။ ထို့နောက် တစ်ပြည်လုံးသေဆုံးပျက်စီးကြမည်ဖြစ်ကြောင်းနှင့် ပြောသွားလေ၏။

ငဖျစ်၏မိခင်မှာ များစွာပူဆွေးသောကရောက်ရတော့သည်။ သူ့သားကို ဘယ်လိုနည်းနှင့်မျှ မစွန့်ပစ်ရက်ချေ။ အထူးသဖြင့် သူတစ်ပါးနှင့်မတူ၊ အကျည်းတန်လှသူကလေးဖြစ်၍ သနားပိုလှသည်။ သို့သော် ဖခင်ဖြစ်သူက ကျန်သော သားသမီးများနှင့်တကွ ဆွေမျိုးညာတိများကိုလည်းကောင်း၊ တိုင်းသူပြည်သားများကိုလည်းကောင်း ငဲ့ညှာရမည်ဖြစ်ကြောင်းနှင့် ဖျောင်းဖျပြောဆိုပြီး ငဖျစ်ကို အိမ်မှ နှင်ချလိုက်လေတော့သည်။ ငဖျစ်သည်ကား မိဘဆွေမျိုးများရှိလျက်နှင့် လောကအလယ်တွင် မျက်စိသူငယ်နှင့်ဖြစ်ရလေ၏။

သို့သော် သူကား သတ္တိရှိသူတည်း။ လောကခံကို ဘယ်တော့မှ အလျှော့မပေးဟူသော စိတ်ဓာတ်ရှိ၏။ မတ်တတ်ရပ်၍ မသွားနိုင်လျှင် ထိုင်လျက်ကသွားမည်။ ထိုင်လျက်မသွားနိုင်လျှင် လေးဘက်

mgyoe.com

mgyoe.com


တွားသွားမည်။ လေးဖက်တွား၍ မသွားနိုင်လျှင် ဝမ်းလျှားထိုးသွားမည်ဟူသော အာဇာနည်စိတ်ဓာတ်မျိုးနှင့်ဖြစ်ရာ သူ့ဝမ်းကိုသူကျောင်းရန် အလုပ်အရှာထွက်သည်။

သို့ရာတွင် ပုရောဟိတ်ကြီး၏ 'အမင်္ဂလာကောင်'ဟူသော စကားမှာ ပျံ့နှံ့သွားသည်ဖြစ်၍ မည်သူကမျှ အလုပ်မပေးဝံ့ချေ။ သူ့ကို လက်ခံထားလျှင် လုပ်ငန်းကိုင်ငန်းပျက်စီးရုံမက မိသားစုဆွေမျိုးများ၏ အသက်အန္တရာယ်ပင် စိုးရိမ်ကြသည်ဟု ယူဆကြ၏။

ဟိုနေရာကငြင်းလိုက်၊ သည်နေရာက ငြင်းလိုက်နှင့် ငဖျစ်ကလေးမှာ အငြင်းခံ၊ အပယ်ခံကလေး ဖြစ်ရတော့၏။

သို့သော် အသက်ရှိနေသမျှ ဖွဲလုံ့လရှိသည်။ ဖွဲလုံ့ရှိနေသမျှ မျှော်လင့်ချက်ရှိသည်ဟု ငဖျစ်က ယုံကြည်၏။ ထို့ကြောင့် အလုပ်ကို ရှာခဲ့ရာ မြို့တော်ဝန်ရုံးမှ စာရေးတော်ကြီး ဦးချက်ကြီးနှင့်တွေ့၏။

"အေး. . ငဖျစ်ရဲ့၊ အလုပ်တော့ရှိတယ်. . မင်းလုပ်ချင်ပါ့မလားမသိဘူး"

"အလုပ်က အခုမှ စပေါ်လာတဲ့အလုပ်လား အဘ. ."

"မဟုတ်ပါဘူး. . အလုပ်လုပ်လက်စ အဘိုးကြီးက မနေ့က သေသွားလို့. . အလုပ်မှ လူလပ်သွားတာ. ."

"ဟာ. . သူများလုပ်နိုင်ရင် ကျွန်တော် လုပ်နိုင်ရမှာပေါ့. . အဘရယ်"

"စဉ်းစားအုံးလေ. . လုပ်နိုင်တယ်ထင်ရင် လုပ်ပေါ့ကွာ၊ အလုပ်ကတော့ သင်္ချိုင်းမှာ နေရမယ်။ သင်္ချိုင်းကို လာပို့တဲ့လူသေတွေကို မြှုပ်နှံပေးရမယ်၊ အဖိုးအခဖြစ်တဲ့ လူသေရဲ့ပါးစပ်ထဲက ကျူးတို့ခ

mgyoe.com

mgyoe.com



ခေါ်တဲ့ပိုက်ဆံကို ထုတ်ယူသုံးစွဲနိုင်ခွင့်ရှိတယ်. . "

ငဖျစ်ကား ကြာကြာမစဉ်းစားပါ။

"ဟာ. . ဒါ ဘာခက်သလဲ. . ကျွန်တော် လုပ်ပေးနိုင်တာပေါ့"

ဦးချက်ကြီးက သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် ငဖျစ်၊ လူတွေက အခက်သားကလားကွဲ့၊ လူချင်း အတူတူ လုပ်ငန်းကိုကြည့်ပြီး အတန်းအစားခွဲချင်ကြတာကိုး၊ ဒီလို သင်္ချိုင်းမှာနေပြီး ဒါမျိုးလုပ်တဲ့လူကို လူရိုးရိုးလို့ သဘောမထားဘဲ အမင်္ဂလာကောင်လို့ သဘောထားပြီးပေါင်းသင်းဆက်ဆံခြင်း မပြု ချင်ကြဘူး၊ တကယ်တော့ ဒီလူတွေသာ မရှိရင် ဒီမသာကောင်ကြီး ကို ဘယ်လိုလုပ်မလဲ၊ သူတို့လည်း အိမ်မှာဆက်ထားချင်ကြမှာ မဟုတ်ဖူး။ ဒီတော့ သူတို့ဘာသာ လာမြှုပ်ကြရမှာပေါ့။ အမင်္ဂလာ ကို ကြောက်ကြရင်လည်း မသာမဖြစ်အောင် နေကြပေါ့"

ဦးချက်ကြီးက လူတွေ၏သဘောထားကို မကျေနပ်သဖြင့် ပြော ကြားနေ၏။

ငဖျစ်တစ်ယောက်ကတော့ဖြင့် ပြုံးပြုံးရွှင်ရွှင်ပင် ရှိနေသည်။

"ကျွန်တော် လုပ်ပါ့မယ်၊ အဘရယ်. . ဘာထူးသေးလဲ. . ကျွန် တော်ဟာ ဒီအလုပ်ကို မလုပ်ခင်ကတောင် အမင်္ဂလာကောင် ဖြစ် နေရသေးတာ။ ကျွန်တော်လုပ်ပါ့မယ်ခင်ဗျာ"

လုပ်ချင်သူက လုပ်ချင်လှသဖြင့် ဦးချက်ကြီးသည် မြို့တော်ဝန် ၏ အမိန့်ကို ရယူ၍ ငဖျစ်ကို သင်္ချိုင်းစောင့်အဖြစ် ခန့်ထားလိုက် တော့သည်။

ငဖျစ်မှာလုပ်နေကျလုပ်ငန်းမဟုတ်၍ အစတွင် အခက်အခဲ အနည်းငယ်ကြုံတွေ့ရသည်။ လူသေ၏ပါးစပ်မှာ ဖြဲရခက်သဖြင့်

mgyoe.com

လက်နှစ်ဖက်နှင့်ကန်ဆွဲ၍ ပိုက်ဆံကို နှိုက်ရသည်။ လက်တစ်ဖက်က အလွတ်လိုက်တွင် သွားကြီးတွေပြန်စေ့သွား၏။

"အောင်မယ်. . ကိုက်တယ်ပေါ့လေ. . ကျွန်တော်ကို အဘိုးအခမပေးပဲနဲ့တော့ ခင်ဗျားလေ. . တွင်းထဲကို ဘယ်နည်းနဲ့မှ မရောက်ဖူးမှတ်ပါဗျာ. . "

ငဖျစ်သည် အုတ်ခဲကျိုးနှင့်သွားတွေကို ရိုက်ချိုးပြီး အလောင်းကို မှောက်၍ ခလောက်ချမှ ပိုက်ဆံစေ့ထွက်ကျလာသည်။

တစ်ခါကလည်း လူသေကို ကျကျနနမြှုပ်ပြီးမှ ပိုက်ဆံမယူရသေးကြောင်းသိရသဖြင့် ပြန်ဖော်ရပြန်သည်။ ကူးတို့ခယူပြီးမှ ပြန်မြှုပ်နှံရသဖြင့် သူ့ခမျာ နှစ်ခါမောရရှာ၏။

မည်သို့ပင်ဖြစ်စေ ငဖျစ်သည် 'အမင်္ဂလာ'အလုပ်ဖြင့် 'မင်္ဂလာ' ဖြစ်နေလေရာ ငါးနှစ်မျှပင်ရှိခဲ့လေပြီဖြစ်သတည်း။

တစ်နေ့သ၌ ငဖျစ်သည် အသုဘအလောင်းတစ်လောင်းကို မြှုပ်နှံရန် မြေကိုတူးနေ၏။ တူးရင်းက တစ်နေရာသို့ရောက်သောအခါ ကျောက်ဖျာကို တွေ့ရ၏။ ငဖျစ်သည် အလောင်းကိုအခြားတစ်နေရာတွင်မြှုပ်နှံလိုက်ပြီး မူလနေရာသို့ ပြန်လာကာ ကျောက်ဖျာကို မရအရခွဲဖောက်လေ၏။

ကျောက်ဖျာကြီး ကွဲပျက်သွားသောအခါ အောက်တွင် လိုဏ်ခေါင်းကြီးဖြစ်၍ ငဖျစ်မှာ အရှိန်လွန်ကာ ဂျွမ်းပျံကြသွားလေသည်။ သို့သော် လိုဏ်ခေါင်း၏အောက်ခြေမှာ လူတစ်ရပ်လွတ်ရုံသာ ဖြစ်၍ ဒဏ်ရာအနာတရမဖြစ်ချေ။

စင်စစ်တွင် ငဖျစ်ကျလာသောနေရာမှာ ရှည်လျားသော လိုဏ်ခေါင်းကြီး၏ ခါးလယ်နေရာမှဖြစ်၏။ ထို့ကြောင့် ငဖျစ်သည် ကျရာ

mgyoe.com


က လှုးလဲထကာ ဘယ်ညာပြန်ကြည့်လိုက်သောအခါ လိုက်ဂူလမ်းကြီးသည် ဘယ်ဘက်သို့လည်းသွား၏။ ညာဘက်သို့လည်းသွား၏။ ငဖျစ်မှာ ရုတ်တရက် ဘယ်လမ်းသို့လိုက်ရမှန်းမသိ ဖြစ်ရတော့သည်။ သူ့စိတ်ဆန္ဒမှာ တစ်ချိန်တည်းတွင် နှစ်ဖက်စလုံးသွားချင်နေသည်။ ထို့ကြောင့်ပင် ယောင်ပေါင်၍ ညာခြေထောက်က ညာဘက်သို့ လှမ်း၏။ ဘယ်ခြေထောက်က ဘယ်ဖက်သို့လှမ်း၏။ ထိုအခါ ပေါင်ပြဲ၍ မြေကြီးပေါ် ဖင်ထိုင်လျက်ကျလေသတည်း။

ထို့နောက်တွင်မှ ခေါင်းအေးအေးထားပြီး လူသူလေးပါးမမြင်စေရန် သူကျလာသောအပေါက်ကို ခေတ္တဖုံးအုပ်ထားဖို့အတွက် ပျဉ်များသွားပြန်ယူ၏။ သူနေရသော တဲအိမ်ကလေးမှာ သချိုင်းထဲတွင်ပင်ဖြစ်သောကြောင့် ဝေးဝေးမသွားရပါ။ သူသည် မီးခတ်၊ မီးတိုင်များပါယူခဲ့၏။

ငဖျစ်သည် ရှေးဦးစွာ ညာဘက်လမ်းကိုလိုက်သွား၏။ သိပ်ဝေးဝေးမသွားရပါ။ လိုဏ်ဂူလမ်းဆုံး၍ အပေါ်သို့တက်သော လှေကားထစ်များကိုတွေ့ရ၏။ ထိုလှေကားကို တက်လိုက်သည်တွင် ပိတ်ထားသောတံခါးကို တွေ့ရပြန်သည်။ တံခါးမှမင်းတုန်းများမှာ သံချေးများပင်တက်နေ၍ ငဖျစ်သည် ဖွင့်ရာတွင် တော်တော်ကြိုးစားရ၏။ တစ်ဖန် ပွင့်သွားပြန်သော်လည်း အပေါ်က ပိနေသောမြေကြီးများကြောင့် တံခါးရွက်ကို ပခုံးနှင့်ပင် ပင့်၍မတင်ယူရသည်။

သူထွက်သော နေရာမှာ မြို့ရိုး၏အတွင်းဘက်နားတွင် ဖြစ်သည်။ အနီးအပါးတွင် အိမ်မရှိ။ ခဲတစ်ပစ်ခန့်တွင်သာ အိမ်တန်းများရှိပြီး မြို့ရိုးဘက်ကို ကျောပေးဆောက်ထားကြသည်။ ထို့ပြင် သူထွက်သည့် ဂူပေါက်နားပတ်ဝန်းကျင်တွင် သစ်ပင်ခြုံငယ်များ

mgyoe.com

mgyoe.com


ဝန်းရံပတ်ခြံ၍ ပေါက်ရောက်နေသည်။

အိမ်တန်းရှိအိမ်တစ်ခုမှ အဘွားကြီးတစ်ယောက်သည် သုတ်သီးသုတ်ပျာနှင့် ခြံကလေးတစ်ခု၏နောက်ဆီသို့လာနေသည်။ အဘွားကြီးသည် ရှုရှုပေါက်ရန်လာခြင်းဖြစ်၏။ ခြံကလေးအကွယ်တွင် ထမီကလေးမ၍ ထိုင်ချမည်အပြုတွင် မလှမ်းမကမ်းမြေကြီးထဲမှ ငဖျစ်သည် ဘွားခနဲအထွက်လိုက်နှင့် ဆုံသွားသည်။

ငဖျစ်၏အရုပ်ဆိုးဆိုးမျက်နှာပေါ်တွင် သဲမှုန့်ဖုံမှုန့်များ ပေကျံနေပေရာ မြေကြီးထဲမှ ဘွားခနဲထွက်ပေါ်လာသော သူ့ကို အဘွားကြီးမြင်လေသော်. .

"အမယ်လေး. . ဖရုံး. . ဖရုံး. . အဲလေ. . ဘီလူး. . ဘီလူးပါတော့"

ဟုအော်ရင်းက အသံမထွက်ဖြစ်ကာ အိမ်ဆီသို့ ပြန်ပြေးလေ၏။

ငဖျစ်သည် လူ့လစ်တုန်း အနားမှအုတ်နီခဲနှင့် မြို့ရိုးပေါ်တွင် အမှတ်အသားပြုကာ မြေတိုက်တွင်းသို့ ပြန်ဆင်း၍ တံခါးကိုလုံခြုံစွာပြန်ပိတ်လိုက်လေသည်။

အဘွားကြီးသည် အိမ်ထဲသို့ အူးရားဖားယား ဝင်အပြေးတွင် နောက်ဖေးပေါက်၌ အထဲကထွက်လာသောသမက်နှင့်ဆုံ၏။

"အမေ. . ဘာဖြစ်လာသလဲ"

"ဟဲ့. . ငါနောက်ဖေးထွက်တာ မြေဘုတ်နဲ့တွေ့ခဲ့တယ်"

"ဘာနဲ့တွေ့တယ်"

"မြေဘုတ်"

"ဟာ-အမေကလည်း ကြံကြံဖန်ဖန်ဗျာ၊ မြက်ဖုတ်တွေတွေ့တာ

mgyoe.com

mgyoe.com



ဖြစ်ပါလိမ့်မယ်၊ မြို့ရိုးကြီးဘေးမှာက ရှုပ်ပွေနေတာမဟုတ်လား"

"ဟဲ့. . ငါက ကြက်မျက်သင့်ပေမယ့်. . နေ့ခင်းတော့ ကောင်းကောင်းမြင်ပါတယ်၊ မြက်ဖုတ်က နှာခေါင်းကောက်ကောက်နဲ့ နေပါ့မလားဟ"

သမက်က မကျေနပ်၍ ယောက်ခမနှင့်အတူလိုက်လာသည်။ သို့သော် အဘွားကြီးမှာ ငဖျစ်ကိုတွေ့ခဲ့သည့်နေရာ အတိအကျကိုလည်း မပြနိုင်။ ခြုံနွယ်ပိတ်ပေါင်းတို့ကလည်း ရှုပ်လှသဖြင့် သမက်မှာ လက်လျှော့ပြန်သွားရတော့၏။

ငဖျစ်သည် သူကျခဲ့သောနေရာသို့ ပြန်ရောက်ခဲ့သည်။ ထိုနေရာမှတဖန် လိုဏ်ခေါင်းကိုဆက်၍ တစ်ဖက်သို့လိုက်သွား၏။

တစ်နေရာသို့ ရောက်သောအခါ သူ၏မီးရောင်မှာ ငြိမ်းသွားလေတော့သည်။ သို့ရာတွင် သူစိတ်ပူစရာမလိုပါ။ အဘယ့်ကြောင့်ဆိုသော် ရှေ့တော်တော်လှမ်းလှမ်းတွင် တစ်နေရာမှ လင်းထိန်နေသည်ကို တွေ့ရသောကြောင့်ဖြစ်၏။

ငဖျစ်သည် သိလိုစိတ်ပြင်းထန်မှုဖြင့် ထိုနေရာသို့ခပ်သုတ်သုတ်ကလေး သွားလေတော့သည်။ ထိုနေရာတွင် လိုဏ်ဂူကြီးမှာ ကြီးမားသောအခန်းကျယ်ကြီးဖြစ်နေ၏။ အခန်းကြီး၏ ကျန်နံရံသုံးဘက်တွင်လည်း အပေါက်ကိုတွေ့ရသည်။ အခန်းကျယ်ကြီး၏ အလယ်တွင်ကား လေးဒေါင့်ကန်ကြီးသဖွယ် တွင်းကြီးရှိ၏။ ထိုကန်ကြီးထဲတွင်ကား မှောင်ထဲတွင်အရောင်တဖိတ်ဖိတ်ထွက်နေသော ပျစ်ချွဲချွဲနှင့် ပြဒါးရည်ကဲ့သို့သော အရည်များကို တွေ့ရလေတော့၏။

"ဟာ. . ညလင်းရည်တွေပါလား. . "

mgyoe.com

mgyoe.com



ဤသို့ပင် ငဖျစ်သည် ပါးစပ်မှလွတ်ခနဲပြောလိုက်မိသည်။

ငဖျစ်သည် အိမ်ပြန်၍ ခွက်ငယ်ကလေးတစ်ခုဖြင့် ညလင်းရည်အချို့ကို ခပ်ယူသည်။ အလင်းရောင်ထဲသို့ထွက်လာသောအခါတွင်ကား အရည်များသည် အရောင်မထွက်တော့ပဲ ရေကဲ့သို့ပင် အရောင်ရှိ၏။ ပျစ်ချွဲချွဲဖြစ်နေသည်သာ ထူးတော့သည်။

"ညလင်းရည်"ဆိုကတည်းက သတိရမိသော ဆရာတော်ထံသို့ ခွက်ကလေးကိုင်၍ ပြေးသွားခဲ့သည်။ ငဖျစ်ကား အပယ်ခံကလေးဖြစ်သွားကတည်းက တစ်မြို့လုံးနှင့်တကွ ဆရာတော်နှင့်ပါ အဆက်ပြတ်ခဲ့၏။ ထို့ကြောင့် ဆရာတော်အကြောင်း သူ ဘာမျှမသိချေ။ ကျောင်းသို့ ရောက်သောအခါတွင်မှ ဆရာတော်သည် ဤမြို့တွင် မရှိတော့ဘဲ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်းကို သိရတော့သည်။ သူ့ကို အမင်္ဂလာကောင်ဟု ဆိုကတည်းက ပုရောဟိတ်ကြီးနှင့် သဘောကွဲလွဲကာ သူ့အတွက် ဆရာတော်မှာ စိတ်နာသဖြင့် ဤမြို့တော်ကို စွန့်ခွါသွားခြင်းဖြစ်ကြောင်းများကိုပါ သိရလေသည်။

ငဖျစ်သည် စိတ်ပျက်သွား၍ ညလင်းရည်အကြောင်း ဘယ်သူ့ကိုမျှ ဘာမျှမပြောဘဲ ပြန်လာခဲ့၏။ ထိုနေ့မှစ၍ သူသည် တစ်ယောက်တည်း ညလင်းရည်နှင့်ဆော့ကစားနေတော့သည်။ သချိုင်းထဲမှ လူရိုးများကို ပြန်ဖော်၏။ ထို့နောက် အရိုးများကို ချိတ်ဆက်ကာ အရိုးစုတစ်စုံတစ်စုံလုပ်ပြီး ဂူထဲက အခန်းကြီးထဲတွင် သိမ်းထား၏။ အရိုးစု၏အရှေ့ဘက်ကို ညလင်းရည်သုတ်၏။ အနောက်ဖက်ကို ကတ္တရာစေးများသုတ်၏။ ထိုနောက် အရိုးစုကို ချိတ်ဆွဲကာ ချာရပတ်လှည့်ပေးသောအခါ မှောင်ထဲတွင် အရိုးစုသည် ပေါ်လိုက်' ပျောက်လိုက်နှင့်ဖြစ်နေသည်။ အချို့သောအရိုးစုများ

mgyoe.com



ကိုလည်း လိုဏ်ဂူလမ်းတစ်လျှောက်ချိတ်ဆွဲထားရာ နောင်ကို လိုဏ်ဂူထဲဝင်လျှင် မီးတိုင် မလိုတော့ချေ။ လမ်းခွတ်မီးတိုင်များကဲ့သို့ စိတန်းနေသော အရိုးစုများရှေ့က ဖြတ်သန်းသွားရုံသာ ရှိတော့၏။ ထို့ပြင်လည်း ငဖျစ်သည် ကန်ရှိရာခန်းမကြီး၏ နံရံသုံးဘက်မှ အပေါက်များကိုလည်း လိုက်လံစုံစမ်းသွားရောက်ကြည့်ရာ အားလုံးမှာ ထွက်ပေါက်တွေချည်းဖြစ်၏။

သို့သော် ထိုလမ်းပေါက်အားလုံးမှာ မြို့ရိုးအပြင်ဘက်တွင်ချည်း ရောက်ရှိကြ၏။ အချို့လမ်းမှာ အတွင်းဘက်တွင်ပင် လမ်းခွဲရှိ၍ ထွက်ပေါက်များမှာ မြို့တော်၏အရပ်လေးမျက်နှာ၊ မြို့ရိုးအပြင်ဘက်သို့ချည်း ပေါက်ရောက်သည်။ ကနဦးက သူတွေ့ခဲ့သည့် လမ်းတစ်လမ်းသာလျှင် မြို့ရိုးတွင်းသို့ရောက်သည်။ စဉ်းစားကြည့်ရာတွင် မူလက ဤလိုဏ်ခေါင်းမှာ မြို့ရိုးတွင်းကဝင်၍ မြို့ပြင်အဖက်ဖက်သို့ ထွက်နိုင်အောင် ပြုလုပ်ထားသော လိုဏ်ဂူလမ်းများဖြစ်ပြီး သူကသာလျှင် မြို့ပြင်ရှိသချိုင်းထဲမှ ကြားဖြတ်၍ရောက်ရှိလာခြင်းဖြစ်ကြောင်းများကို စဉ်းစားမိသည်။

ငဖျစ်မှာ ယခုအခါတွင် မပျင်းတော့ချေ။ အလုပ်မရှိသော အခါများတွင် သူသည် လိုဏ်ဂူထဲဝင်၍ အရိုးစုများကို ဝါးတန်းတွင် ချိတ်ကာ ဝါးတန်းကို လှုပ်ပေးခြင်းဖြင့် အရိုးစုယိမ်းထွက်၏။ ဝါးတန်းကို ဆတ်ခနဲ ဆတ်ခနဲလှုပ်ပေးလျှင် ချိတ်ဆွဲထားသောအရိုးစုများမှာ လက်လှုပ်လှုပ်၊ ခြေလှုပ်လှုပ်နှင့် ဆတ်တောက်ဆတ်တောက် ကကြသည်။

"တို့အရိုးစု . . တို့အရိုးစု . . "

(ငဖျစ်၏တိုင်သံ)

mgyoe.com

mgyoe.com


"ချောက်ချက်ချက်. . ချောက်ချက်ချက်"

"ကလိုက်ကြစို့. . ကလိုက်ကြစို့"

"ချောက်ချက်ချက်. . ချောက်ချက်ချက်. . ."

ငဖျစ်သည် ယိမ်းဆရာလည်း သူပင်ဖြစ်၍ ပွဲကြည့်ပရိသတ်လည်း သူပင်ဖြစ်ကာ တစ်ယောက်တည်းပင် အရိုးစုများနှင့် ပျော်ရွှင်နေရတော့သည်။

ဤသို့ဖြင့် တစ်နေ့တွင်ကား. . ။

ရန်သူအကျော်ဘိဇာတပ်ကြီးတစ်တပ်သည် ဇယမင်္ဂလပြည်ကြီးသို့ ချီတက်တိုက်ခိုက်လာလေ၏။ ဇယမင်္ဂလပြည်သူပြည်သားများသည် မြို့ရိုးကိုပိတ်၍ ကြံ့ကြံ့ခံတိုက်ခိုက်ကြရာ ရန်သူတို့သည် မြို့တွင်းသို့ မဝင်နိုင်ကြချေ။ သို့ဖြင့် မြို့ကိုပတ်၍ ဝိုင်းရံပိတ်ဆို့ထားကြ၏။

မြို့ထဲတွင်ကား ရိက္ခာတစ်လစာလျှသာရှိသဖြင့် မြို့သူမြို့သားများ စိတ်ပျက်လျက်ရှိကြတော့သည်။ ဘုရင်မင်းမြတ်သည်လည်း စိတ်သောက မအေးဖြစ်နေရ၏။

"မှူးကြီးမတ်ကြီးတို့. . ဇယမင်္ဂလပြည်ကြီးကို ကယ်တင်နိုင်မယ့် လူစွမ်းကောင်းများ ပေါ်ပေါက်လျှင်ကောင်းလေစွ၊ ငါတို့ထံတွင် ရိက္ခာတစ်လစာမျှသာ ရှိတော့တယ်"

ဤတွင် အမတ်ကြီးတစ်ယောက်က လျှောက်၏။

"ရိက္ခာပြတ်လျှင်ထမင်းချည်းစားသင့်ပါတယ်ဘုရား"

အနားက အမတ်ကြီးတစ်ယောက်က ဝင်ပြော၏။

"ရိက္ခာဆိုတာ ထမင်းလည်းပါတာပေါ့ဗျ"

"ဟင်. . ဟုတ်လား၊ သိပါဖူးဗျာ၊ ကျုပ်က ရိက္ခာဆိုတာ ဟင်းကို

mgyoe.com

mgyoe.com


ခေါ်တယ်မှတ်တာကိုး ဗျ"

သင်္ချိုင်းတွင်းဝယ် ပုန်းလျှိုးကွယ်လျှိုးနှင့် အခြေအနေကို စောင့်ကြည့်နေသော ငဖျစ်သည် ရန်သူတပ်များ၏အနေအထားကို မှတ်သားပြီး လိုဏ်ဂူမှတစ်ဆင့် မြို့တွင်းသို့ရောက်ရှိလာတော့သည်။

ညီလာခံတွင် ဘုရင်ကြီးမှာ စိတ်ပျက်လက်ပျက် ရှိနေခိုက် မင်းချင်းတစ်ယောက် ရောက်လာလေသည်။

"ဘုရင်မင်းမြတ်၊ ဘုရင်မင်းမြတ်. . သင်္ချိုင်းအမှုထမ်းကလေး ငဖျစ်က သူဟာ ရန်သူအပေါင်းကိုနိုင်အောင် အမှုတော်ထမ်းပါမည့်အကြောင်းနှင့် ရှေ့တော်ဝင်ချင်ပါသတဲ့ဘုရား"

ဤတွင် စောစောက အမတ်ကြီးက ဝင်လျှောက်ပြန်၏။

"အမင်္ဂလာကောင်ကို အမှုတော်မထမ်းရွက်စေသင့်ပါ ဘုရား"

ဤသည်ကို ဘုရင်မင်းမြတ်က သဘောမတူချေ။

"ငါ၏ အမှုတော်ကို ထမ်းရာမှာ အများသတ္တဝါ၏ကောင်းကျိုးကိုဆောင်ရွက်ရာမှာ. . တိုင်းကျိုးပြည်ကျိုးကို သယ်ပိုးရာမှာ. . အမင်္ဂလာကောင်ဟူ၍မရှိ၊ မင်္ဂလာရှိသည်ချည်းဖြစ်တယ်. . ငဖျစ်ကို ရှေ့တော်သွင်းစေ. . "

ဤသို့ဖြင့် ငဖျစ်သည် ဘုရင်၏ရှေ့တော်မှောက်သို့ ရောက်ရှိရာ သူ၏အကြံအစည်ကို တင်လျှောက်သည်။ ဘုရင်မင်းမြတ်သည် သူ၏အစီအမံကို ကျေနပ်လက်ခံသည်ဖြစ်သောကြောင့် တပ်တစ်တပ်ကို သူနှင့်ထည့်ပေးလိုက်လေ၏။

ထိုနေ့ညဘက်သည် လကွယ်ညဖြစ်၍ မှောင်မိုက်လှသည်။

ရန်သူတပ်သားတို့သည် မဲမှောင်လျက်ရှိသည့် မြို့ရိုးကိုကြည့်၍ အချို့မှာ ငေးငိုင်နေကြ၏။ ရန်သူတပ်ဗိုလ်တို့မှာ ရှေ့ကို မည်သို့

mgyoe.com

mgyoe.com


ပြုလုပ်ရမည်ကို တိုင်ပင်နေကြ၏။

ထိုအခိုက်တွင် တစ်နေရာတွင် တပ်သားများ စီခနဲဖြစ်သွားကြသည်။ အမှောင်ထုအတွင်းဝယ် မြေကြီးထဲမှ အရိုးစုများသည်လည်း လင်းလင်း. . လင်းလင်းနှင့် ထွက်လာကြကုန်၏။

"သူရဲတွေဗျို့၊သူရဲစစ်တပ်ကြီးလာပြီဗျို့. . ကယ်ကြပါအုံး"

ရန်သူများအထိတ်တလန့်ဖြစ်ကုန်ကြ၏။ တစ်ယောက်က လေးနှင့်ပစ်လိုက်၏။ အရိုးစုသည် ဖြုတ်ခနဲပျောက်သွားသည်။ ထို့နောက် ချက်ချင်းပင်ပြန်ပေါ်လာရာ ထိုစစ်သားမှာ မျက်လုံးကြီးများပြူး၍ တက်နေလေတော့၏။

စင်စစ်တွင်ကား အိုးမဲများတစ်ကိုယ်လုံးသုတ်လိမ်းထားကြသော ဇယမင်္ဂလစစ်သည်များသည် အရိုးစုများကို မြှောက်ချီ၍ ထွက်လာကြခြင်းဖြစ်၏။ မြှားသံကြားလျှင် ချာခနဲနောက်လှည့်လိုက်ရာ အရိုးစုများပျောက်ကုန်၏။ ထိုနောက်မှ ပြန်လှည့်ရာတွင် အရိုးစုများ ပြန်ပေါ်လာကြပြန်သည်။ အချို့သော အရိုးစုများကို သစ်ပင်တွင်ချိတ်ဆွဲထားသဖြင့် လေတိုက်၍ ချာရပတ်လည်နေရာ အရိုးစုမှာ ပေါ်လိုက်၊ပျောက်လိုက် ဖြစ်နေကြသည်။

ဤသို့ဖြင့် မြို့ပြင်အရပ်လေးမျက်နှာတွင် လင်းလင်း. . လင်းလင်းနှင့် အရိုးစုတပ်များ မြေထဲက ထွက်ပေါ်လာကြသည်ဖြစ်ရာ ရန်သူတပ်များမှာ အထိတ်တလန့်နှင့်အုတ်အုတ်ကျက်ကျက်ဖြစ်နေကြ၏။ ထိုအခိုက်တွင် ဇယမင်္ဂလတပ်များသည် ရုတ်တရက် မြို့ရိုးတံခါးများကိုဖွင့်ကာ အရပ်လေးမျက်နှာမှထွက်၍ တိုက်ကြသည်ဖြစ်ရာ ရန်သူတပ်ကြီး ပျက်လေတော့၏။

ဇယမင်္ဂလပြည်သူပြည်သားများကား ပျော်ရွှင်မဆုံးဖြစ်ကြရ

mgyoe.com

mgyoe.com


သည်။ ငဖျစ်မှာလည်း တစ်ခါက အပယ်ခံကလေးဖြစ်ရသော်လည်း ယခုအခါတွင်မူ လူစွမ်းကောင်းလေးငဖျစ်နှင့် တဖျစ်တည်းဖျစ်နေကြတော့သည်။

ငဖျစ်၏ ဖခင်ကြီးကား လက်မတထောင်ထောင်နှင့်ဖြစ်နေ၏။

"ငါပြောသားပဲ. ငါ့သားလေးဟာ လူတော်လေးပါလို့. . "

ငဖျစ်၏မိခင်က မျက်စောင်းထိုး၏။

"ဒါနဲ့များ ကျုပ်က အိမ်ကမစွန့်ပါနဲ့ဆိုတော့ တို့တွေတွင်မကဖူး၊ တို့တိုင်းပြည်ကြီးပါ ဒုက္ခရောက်ရတော့မယ်. . ဆို၊ ခုတော့ ကျုပ်သားလေးမကယ်မှ ဒုက္ခရောက်မှာ ကျုပ်သားလေးရှိနေသမျှ ဘယ်တော့မှ ဒုက္ခမရောက်ဖူး၊ သိပြီလား. . ကျုပ်သားလေးအစွမ်း"

"အောင်မယ်. . မင်းရဲ့သားလည်း ငါ့သားပဲပေါ့ကွာ၊ ဟဲ. . ဟဲ၊ မဟုတ်ဖူးလား. နော်ကွာ-နော်"

"သွားစမ်းပါ. . ဖိုးကဲကြီး"

ဘုရင်မင်းမြတ်သည် ငဖျစ်၏ကျေးဇူးကို အသိအမှတ်ပြုတော်မူသည့်အနေဖြင့် ငဖျစ်ကို သမီးတော် မိသဥ္စာနှင့်ထိမ်းမြားရန်စီစဉ်ရာ မိသဥ္စာကို ချိန်ရွယ်နေသော ဗလရာမမှာ မျက်နှာပျက်သွားရတော့သည်။

ဗလရာမကား မိသဥ္စာကိုမှ မရလျှင် သေရပါတော့မည်ဟုဆို၍ ညဘက်၌ မြို့ပြင်သချိုင်းဘက်ဆီသို့ထွက်သွား၏။ သချိုင်းနားက သစ်ပင်တွင် တွဲရရွဲရှိနေသော အရိုးစုကြီးသည် လေကြောင့်လည်လာရာ သူ့အနားအရောက်တွင် ဘွားခနဲပေါ်လာသကဲ့သို့ဖြစ်ရကား ဗလရာမမှာ လက်ကြီးနှစ်ဖက်မြောက်၍. .

"အောင်မယ်လေး. . ကယ်ကြပါအုံး၊ သေတော့ သေချင်သား၊

mgyoe.com

mgyoe.com


သရဲကြောက်တယ်ဗျို့"ဟုအော်၍ ထွက်ပြေးသွားလေတော့သည်။

ဆရာတော်ဦးကောဝိဒသည်လည်း ဇယမင်္ဂလပြည်ကြီး၏ အဖြစ်အပျက်ကို ကြားသိရသောအခါ နေပြည်တော်သို့ ပြန်လည်၍ကြွလာလေ၏။ ပထမဦးစွာ ပုရောဟိတ်ကြီးကို နောက်နောင်တွင် ကိုယ်ကျိုးကိုကြည့်ပြီး တရားမဲ့တစ်ဖက်စောင်းနင်းမပြုလုပ်ရန် ဆုံးမ ဟောပြော၏။ ပုရောဟိတ်ကြီးက နောင်တကြီးစွာဖြင့် အာမဝန်ခံလေသည်။

ထို့နောက် ဆရာတော်သည် နန်းတော်သို့ကြွ၍ သမီးတော် မိသဥ္စာကို တရားချပြန်၏။ သမီးတော်ကား မိမိကိုယ်တိုင်က ရုပ်လှသူဖြစ်၍ အရုပ်ဆိုးဟန် တာတေလန်သောငဖျစ်ကို လုံးဝလက်မထပ်လိုဟု ဆိုနေသည်။ မိသဥ္စာသည် ရုပ်လှသောဗလရာမကိုသာ လက်ထပ်လို၏။ ဆရာတော်လည်း လက်လျှော့၍ ပြန်ကြွသွားသည်။

ငဖျစ်ကမူကား သမီးတော်၏ စိတ်ဆန္ဒမရှိလျှင် လက်မထပ်သေးဘဲ လက်ထပ်ပွဲကို အချိန်ဆွဲထားပါမည်ဟု မိသဥ္စာကို ကတိပေး၍ မိဘများထံတွင် သွားရောက်နေ၏။

ထိုနေ့ညနေဘက်တွင် သမီးတော်သည် အာလူးကြော်စားလို၍ ကိုယ်တိုင်ကြော်လေရာ ဆီအိုးထဲမီးဝင်လောင်ပြီး တစ်ကိုယ်လုံးဒဏ်ရာအနာတရဖြစ်ရရှာလေသည်။ မိသဥ္စာကို ဆေးကုသနေဆဲကာလတစ်လျှောက်လုံးတွင် ငဖျစ်သည် ကူညီလုပ်ကိုင်ပေး၏။ သို့တိုင်အောင် မိသဥ္စာကား ငဖျစ်ကို မေတ္တာမသက်ဝင်ချေ။

သမီးတော်နေကောင်းသည့်နေ့တွင် ဗလရာမက ဝင်ရောက်တွေ့ဆုံရာ မီးလောင်သည့်ဒဏ်ရာကြောင့် အရုပ်ဆိုးလျက်ရှိသော

mgyoe.com

mgyoe.com


သမီးတော်ကိုမြင်လျှင် မျက်နှာပျက်၍ အနားပင်မကပ်ချင်ဖြစ်နေ၏။

"မောင်တော်. ."

"ဗျ-ဗျာ. ."

"နှမတော်ဟာ မောင်တော်ငဖျစ်ကို နားဝင်အောင်ပြောပြီး လက်ထပ်ပွဲကို ဖျက်သိမ်းခိုင်းမယ်လို့ ကြံနေတယ်. ."

မိသဥ္စာ၏စကားကိုကြားသောအခါ ဗလရာမသည် မျက်လုံးပြူးသွား၏။

"ဘာ-ဘာ. . ဘာဖြစ်လို့ ဖျက်သိမ်းမှာလဲ"

"မောင်တော်နဲ့ လက်ထပ်မလို့ပေါ့. ."

"ဘယ်က မောင်တော်လဲ"

"ဘယ်က မောင်တော်ရှိရမှာလဲ၊ ဟောဒီက မောင်တော် ဗလရာမနဲ့ပေါ့"

ပြောပြောဆိုဆိုနှင့် မိသဥ္စာက လက်နှင့်ဗလရာမ၏ရင်ကို လှမ်းပုတ်လိုက်ရာ ဗလရာမမှာ ယောင်၍ နောက်သို့တွန့်လိုက်ရာ သလွန်မှ ဂျွမ်းပြန်ကျသွားလေ၏။

"ဘာလဲမောင်တော်က လက်မထပ်ချင်ဘူးလား. ."

"ထပ်ချင်. . . ထပ်ချင်. . ဟိုဟာပါ. . ခမည်းတော်က မောင်တော်လက်ထပ်ရင်. . တစ်နှစ်ကြာသေမယ်လို့ ဗေဒင်ဟောထားလို့ မောင်တော်. . မောင်တော်. . လက်မထပ်တော့ဘူး"

ဗလရာမသည် ပြောရင်းဆိုရင်းက နောက်ဆုတ် နောက်ဆုတ် နှင့် ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။

ဤတွင်မှ မိသဥ္စာသည် အဖြစ်မှန်ကို ရိပ်မိ၏။ မိမိ၏မျက်နှာ

mgyoe.com

mgyoe.com


ကိုလက်ဝါးနှင့်အုပ်၍ ရှိုက်ငိုတော့သည်။

"အော်- အလှဆိုတာ အရေပြားတလွှာပါကလား၊ ဘာမှ နက်ရှိုင်းမှုမရှိပါကလား"

"နှမတော်"

မိသဥ္ဇာသည် လက်ဝါးကိုဖယ်၍ မော့ကြည့်လိုက်ရာ ရီဝေသော မျက်ရည်များအကြားမှ ငဖျစ်ကို တွေ့ရသည်။

"နှမတော်. . ရုပ်အလှသာ အရေပြားတစ်လွှာ နက်ရှိုင်းတာပါ. . စိတ်နှလုံးကောင်းခြင်းရဲ့လှပမှုကတော့ အထက်ဘဝဂ်၊ အောက်အဝီစိ နက်ရှိုင်းပျံ့နှံ့ပါတယ် နှမတော်. .၊ သတ္တဝါတွေ အပေါ် ပြည့်ပြည့်ဝဝထားရှိတဲ့ မေတ္တာဟာ လောကမှာ အလှပဆုံး အရာတစ်ခုဖြစ်ပါတယ် နှမတော်"

မိသဥ္ဇာသည် သလွန်ပေါ်မှဆင်း၍ မောင်တော်ငဖျစ်ကိုထိုင်၍ ကန်တော့လေ၏။

သူတို့၏လက်ထပ်ပွဲတွင် ညဘက်၌ မီးမလိုချေ။ နန်းတော်ထဲက တိုင်များသာကမ. . ဥယျာဉ်ထဲကသစ်ပင်များပင် လင်းလင်းနှင့် လှပနေတော့သည်။

ကလေးတို့ရွှင်လန်းကြပါစေ။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သက်ဝေကျော်နှင့် အဖော်သုံးဦး

ပါသာဒဝတီမြို့ကြီးတွင်နေထိုင်သော သူဌေးကြီးဦးမနေသည် လွန်စွာမှကြွယ်ဝချမ်းသာသူဖြစ်၏။ ကြွယ်ဝချမ်းသာသလောက် လည်း စိတ်ထားမကောင်းသူဖြစ်ပေသည်။ လွန်စွာမှ မောက်မာ၏။ ဆင်းရဲသားများကို နှိပ်စက်တတ်၏။ မိန်းမငယ်ငယ်ကလေး များကိုလည်း များစွာယူ၏။

ပါသာဒဝတီမြို့ကြီးတွင်သာ သြဇာညောင်းရုံမက၊ ရွာနီးချုပ် စပ်တွင်လည်း ဦးမနေ၏တပည့်သားမြေးများစွာ ရှိသည်။ သူ၏ တပည့်များမှာ ဓားသိုင်းပညာများကို ကောင်းစွာတတ်မြောက်ကြသူ များဖြစ်သဖြင့် ဦးမနေတွင် ကိုယ်ပိုင်စစ်တပ်ကလေး ရှိသကဲ့သို့ပင် ဖြစ်နေသည်။

ပါသာဒဝတီမြို့တော်ဝန်မှာ အရက်သေစာအလွန်အကြူး သောက်၏။ အလောင်းအစား ဝါသနာကြီး၏။ သူ့အား ငွေကြေး ထောက်ပံ့နေသူမှာ ဦးမနေပင်ဖြစ်ရကား မြို့တော်ဝန်ကြီးမှာလည်း ဦးမနေအား မျက်နှာသာပေးရသည်။ သို့သော် ဦးမနေ၏တပည့်ဦး ရေသုံးပုံနှစ်ပုံမှာ ကျေးရွာများသို့သွားရောက်၍ ဦးမနေ၏လယ်ယာ

mgyoe.com

mgyoe.com


လုပ်ငန်း၊ ကုန်စည်ကိစ္စများကို ကြီးကြပ်နေကြသည်။ ထို့ကြောင့် ပါသာဒဝတီမြို့ပေါ်တွင်ကား မြို့တော်ဝန်၏စစ်သည်များက ဦးရေများသည်။

ဦးခနေ၏အိမ်ကြီးမှာ မြို့တော်ဝန်၏အိမ်ကဲ့သို့ပင် ခမ်းနား၏။ သို့သော် ဦးခနေသည် အိမ်ဝင်းထဲတွင် ဘုံခုနစ်ဆင့်(အထပ်ခုနစ်ထပ်)ရှိသော ပြသာဒ်ကြီးတစ်ခုဆောက်ထားရာ ထိုပြာသာဒ်မျိုးမှာ မြို့တော်ဝန်၏အိမ်တွင် မရှိချေ။ မြို့တော်၏တစ်ခုတည်းသော ပြာသာဒ်ကြီးဖြစ်၏။ ဦးခနေသည် မိမိကိုမချစ်မကြိုက်သော မိန်းကလေးများကို ထိုပြာသာဒ်ထိပ်ဆုံးတွင် လှောင်ထားပြီး ညှဉ်းပန်းနှိပ်စက်၏။ မိမိကိုချစ်ပါသည်ဆိုမှ အချုပ်မှလွတ်ကာ လက်ထပ်ထိမ်းမြားတတ်ပေ၏။

ဟော. . ယခုလည်း ဦးခနေသည် တပည့်များနှင့် မကောင်းသောအကြံအစည်တစ်ခုကို တိုင်ပင်ဆွေးနွေးနေပြန်လေပြီ။

"ဟေ့. . တပည့်တို့၊ ငါ မနေ့က အနောက်ပိုင်းကိုရောက်သွားတဲ့အခါမှာ ခင်မျိုးဆွေဆိုတဲ့ မိန်းကလေးကိုတွေ့မိတယ်။ တယ်လှပါသလားကွ၊ မင်းတို့ ငါ့ကို ဘာဖြစ်လို့ သတင်းစကားမကြားတာလဲ. . ဟေ"

တပည့်တစ်ယောက်က မျက်နှာညှိုးငယ်စွာဖြင့် ပြန်ဖြေ၏။

"သူက ငယ်သေးတာကတစ်ကြောင်း. . "

"ဘာကွ-ဘာငယ်ရမှာလဲ၊ ဆယ့်ခြောက်နှစ်ကျော် ဆယ့်ခုနစ်နှစ်ထဲရောက်နေပြီတဲ့၊ ငါ သေသေချာချာမေးကြည့်ပြီးပါပြီ"

"သူ့ငွေမင်းနဲ့စာရင်တော့ ငယ်တာကို ပြောတာ"

"ဟ-ငါနဲ့စာရင်တော့ ငယ်မှာချည်းပေါ့ကွ၊ ငါ့ထက် ကြီးမှတော့

mgyoe.com

mgyoe.com


သေရင်လည်းသေရမယ်၊ မသေရင်လည်း အဘွားအိုကြီးတွေဖြစ်နေမှာပေါ့။ ဟော့ကောင် ငအေရဲ့၊ ငါက အရွယ်တော်မယားကိုရှာနေတာကွ၊ မယ်တော်ဖုရားကို ရှာနေတာမဟုတ်ဘူး၊ တယ် ငါ ဓားနဲ့ထခုတ်ရ၊ ဒီကောင် သေရော့မယ်"

"နောက်တစ်ကြောင်းကလည်း ခင်မျိုးဆွေမှာ ချစ်သူရည်းစားရှိနေတယ်ခင်ဗျ"

"ရှိရှိလကွာ၊ ရည်းစားဆိုတဲ့ကောင်တိုင်း လက်ထပ်ရတာမှမဟုတ်တာ၊ ဟော့ ဒီမှာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားဆိုတဲ့ ရတနာတွေကို တွေ့တဲ့လူဟာ တွေ့ရတာပဲရှိတယ်၊ သူတို့က မဆင်မြန်းရဖူး။ ရတနာတွေ့သူက တစ်ယောက်၊ ဆင်မြန်းသူက တစ်ယောက်ပါကွ၊ ခင်မျိုးဆွေမှာ ရည်းစားတစ်ထောင်ရှိပါစေ. . လက်ထပ်ရမှာက ငါကွ. . "

တပည့်ကမူ သူဌေးကြီးစိတ်အားထက်သန်သလောက် သူကမူ မျက်နှာညှိုးညှိုးဖြင့်ပင် ပြန်ပြောနေသည်။

"ပြီးတော့ သူဌေးမင်း၊ သူ့ရည်းစားက တခြားလူမဟုတ်ဖူး၊ ပန်းထိမ်သည်ကလေး သက်ဝေကျော်ခင်ဗျ. . "

ဦးခနေသည် ပထမမျက်နှာတင်းသွားပြီးမှ ချက်ချင်းပင် အားရပါးရအော်၍ ရယ်လိုက်သည်။

"ဟ-ပန်းထိမ်သည်ကော ဘာဖြစ်သလဲ၊ သူလည်း ရတနာကို အရောင်တင်ပေးရတဲ့လူပါကွာ၊ ပြုပြင်မွမ်းမံရသူပါ၊ ဆင်မြန်းရသူက တစ်ယောက်ပဲကွ"

တပည့်သည် ဦးခေါင်းကို ခါယမ်းလိုက်သည်။

"သူဌေးမင်းက သက်ဝေကျော်အကြောင်းကို မသိဘဲကိုး၊ သူက

mgyoe.com

mgyoe.com


ကွယ်လွန်သွားပြီဖြစ်တဲ့ နာမည်ကျော်ဓားသိုင်းဆရာကြီး ဦးစကြာရဲ့သားခင်ဗျ၊ အခုအခါမှာဆိုရင် ဓားသိုင်းအရာမှာ သက်ဝေကျော်ကို မှီတဲ့လူ ဒီမြို့တော်မှာ မရှိဘူးခင်ဗျ၊ ပုဆိုးနီတွေထဲမှာတောင် ဒါလောက်တော်တာ မရှိဘူး"

"ဟာ-ပုဆိုးနီဆိုတာ ဘုရင်အသိအမှတ်ပြု ရိက္ခတော်စား စစ်သည်တွေပဲဥစ္စာ၊ ဒါပဲ ထူးတာပဲ. . ဓားသိုင်းကျတော့ တော်ချင်မှ တော်တာပေါ့"

"မဟုတ်ဖူးခင်ဗျ. . ပုဆိုးနီတွေဟာ ဘုရင့်နေပြည်တော်မှာ ဓားသိုင်းပညာတက်သင်ခွင့်ရခဲ့ကြတဲ့လူတွေပါ၊ ဒါတောင် သက်ဝေကျော်ကို မမှီဘူး. . "

"တို့ ပုဆိုးဝါတွေကတော့. . "

"သာပြီး မမှီတာပေါ့ သူဌေးမင်းရဲ့"

"ဟော့. . ဒါဖြင့် ဘာဖြစ်လို့ ပုဆိုးနီတွေက တို့ပုဆိုးဝါတွေကို ယှဉ်လို့မရတာလဲကွ. . "

"ကိုင်း. . ထားပါတော့ကွာ၊ အခု သက်ဝေကျော်ကို နိုင်ရမှာ ကလည်း ပိုက်ဆံနဲ့လူဦးရေပဲပေါ့ကွာ၊ ဘာခက်သလဲ"

ဦးစနကတော့ သူ့ဘက်ကသူ အနိုင်ချည်းပဲတွက်သည်။ တပည့် လုပ်သူကမူ ပူပင်နေပုံရ၏။

"တစ်ခုရှိသေးတယ်နော်. . သူဌေးမင်း၊ ပုဆိုးနီတွေက သက်ဝေကျော်ကို ခင်မင်ကြတယ်၊ ဒီတော့ တကယ်လို့များ သက်ဝေကျော်နဲ့ ကျွန်တော်တို့ ပုဆိုးဝါတွေနဲ့ ရင်ဆိုင်ရန်ပွဲဖြစ်ရရင် ပုဆိုးနီတွေဟာ သူ့ဘက်ကဝင်ကူမယ်ထင်တယ်"

"မင်းကလည်း တော်တော် အတွေးခေါင်တာပါပဲကလားကွ"

mgyoe.com

mgyoe.com


ဦးခနသည် တပည့်ကြီးကို အပြစ်တင်သည့်လေသံဖြင့် ပြော လိုက်သော်ငြားလည်း စကားအဆုံးတွင်မူ သူသည် တွေဝေငေးစိုက် သွား၏။ သူ့တပည့်ကြီးပြောသမျှကို ကျေညက်အောင် ပြန်လည် တွေးနေပုံရသည်။ ထို့ကြောင့်ပင် ဦးခနသည် ငြိမ်နေ၏။ ဦးခနငြိမ် နေသဖြင့် ပတ်ဝန်းကျင်မှတပည့်များလည်း ငြိမ်၍ကုပ်နေကြတော့ သည်။ စင်စစ်တွင် သူ့တပည့်ပုဆိုးဝါများကား ပညာမဲ့လူမိုက်များ သာဖြစ်ကြ၍ အကြံအစည်ပညာအရာတွင် ဦးဆောင်နိုင်ခြင်းမရှိ ပါ။ ထို့ကြောင့်လည်း ငွေကြေး၏အရှိန်ဖြင့် ဦးခနသည် အနှစ်မရှိ သည့်တောတွင် ကြက်ဆူပင်မင်းမူနေခြင်းဖြစ်သတည်း။

ခဏကြာသောအခါတွင် ဦးခနသည် ဝမ်းသာအားရပြောလိုက် သည်။

“ဟေ့--ငါအကြံရပြီ၊ မန္တာဂီရိတောင်ပေါ်က ရေတံခွန်ထိပ်မှာ ပြည်တန်တဲ့ပတ္တမြားရှိတဲ့ ရွှေပန်းခိုင်တစ်ခုဟာ ရေထဲမှာနစ်ပြီး ပေါက်နေတယ်လို့ မင်းတို့က သတင်းလွှင့်ကွာ၊ ငါထင်လောက်ဆို ရင် သက်ဝေကျော်ဟာ ငွေကြေးမပြည့်စုံသေးလို့ လက်မထပ်တာ ဖြစ်မယ်၊ ဒီတော့ သူဟာ အရင်းမစိုက်ဘဲ ချမ်းသာမယ့်နည်းလမ်း တွေ့ရင် လိုက်လုပ်စရာအကြောင်းရှိတယ်။ ဒီတော့ ဒီကောင် ရေတံ ခွန်ကကျပြီး သေရောပေါ့ကွာ”

“မသေရင်ကော. . သူဌေးမင်း”

“သေသေ-မသေသေ၊ သူခရီးထွက်ရင် တော်ပြီကွာ၊ သူခရီး ထွက်နေတုန်း ငါက ခင်မျိုးဆွေကို သိမ်းပိုက်လိုက်မယ်ကွာ”

အတော်ပင်ယုတ်မာသောဦးခန၏အကြံမှာ တာသွားသည်ဟု ဆိုရပေမည်။ သူ၏သူလျှိုများ၊ သူလှန်များ၏ သတင်းစကားများ၊

mgyoe.com

mgyoe.com



ဖြားယောင်းမှုများကြောင့် သက်ဝေကျော်သည် ချစ်သူ ခင်မျိုးဆွေနှင့် တင့်တောင့်တင့်တယ်လက်ထပ်နိုင်ရန်အရေးကြောင့် မန္ဒာဂီရိတောင်ဆီသို့ ရှေ့ရှုခရီးထွက်ခဲ့တော့သည်။

မန္ဒာဂီရိတောင်ကြီးသို့မရောက်မီ တောအုပ်ကိုဖြတ်ရ၏။ ထို့ကြောင့် သက်ဝေကျော်သည် ၄ှက်ကြီးတောင်ဓားကိုလွယ်ကာ မြင်းတစ်စီးနှင့်တောအုပ်ထဲသို့ ဝင်ရောက်လာလေ၏။ တစ်နေရာသို့ရောက်သောအခါ ဝမ်းထဲကဆာလာသဖြင့် ပါလာသောရိက္ခာထုပ်ကို ဖြည်စားရန် နေရာရွေးရင်း မြေကွက်လပ်ကလေးတစ်ခုသို့ရောက်လာသည်။ ထိုအခါတွင် မြင်ရသောမြင်ကွင်းကြောင့် သူအံ့အားသင့်သွားရ၏။

လူတစ်ယောက်သည် ကွက်လပ်ပေါ်တွင်မှောက်ကာ လက်တစ်ဖက်ဖြင့် တွင်းတစ်တွင်းကို နှိုက်နေလေသည်။

"မိတ်ဆွေ-ဘာနှိုက်နေတာလဲ"

"ဘာမှမနှိုက်ပါဘူး၊ လက်အညောင်းဆန့်တာပါ"

"ခင်ဗျား လက်အညောင်းဆန့်တာ တွင်းထဲနှိုက်ရသလားခင်ဗျ"

ထိုလူသည် ပြုံး၍ တွင်းထဲမှလက်ကိုပြန်ထုတ်ရာ တော်တော်ကြာကြာ ပြန်ထုတ်ရ၏။ အဘယ့်ကြောင့်ဆိုသော် သူ့လက်တစ်ဖက်မှာ အရှည်ကြီးဖြစ်နေသောကြောင့်ဖြစ်သည်။ ထိုလက်ကို သူ့ဘာသာသူပြန်ပတ်ထားရာ အခွေပေါင်းတစ်ရာလောက်ဖြစ်နေ၏။ ကျန်သောလက်တစ်ဖက်မူ သူလိုငါလိုပင်ဖြစ်သည်။ လက်ကို ခွေထားပြီး၍ အပေါ်က အင်္ကျီဝတ်လိုက်သောအခါ လက်တစ်ဖက်ပြတ်နေသူနှင့်တူ၏။

mgyoe.com

mgyoe.com



"ကျုပ်အညောင်းဆန့်ရင် ဒီလိုပဲဆန့်ရတယ်၊ ဒီတိုင်း မြေကြီးပေါ် ချထားရင် လက်ဖျားက ကျုပ်နဲ့အဝေးကြီးရောက်နေပြီး. . ကျုပ်မျက်ကွယ်ရာဖြစ်နေလို့ တောခွေးတွေက လက်ချောင်းတွေကို စားပစ်ကြမှာ. ."

သက်ဝေကျော်သည် ငလက်ရှည်နှင့်ပါလာသောရိက္ခာကိုဝေမျှစားသောက်သည်။ ငလက်ရှည်အကြောင်း ပို၍သိရသည်မှာ ငလက်ရှည်သည် ဝါးပင်သံသေဒဇမွေးဖွားလာသူဖြစ်သည်ဆိုခြင်းပင်တည်း။

ငလက်ရှည်မှာ သက်ဝေကျော်ကို ခင်မင်သွား၍ အဖော်ဖြစ်ကာ အတူလိုက်ပါလာလေသည်။ တစ်နေရာသို့ရောက်သောအခါ သူတို့သည် အထူးအဆန်းတစ်ခုကို တွေ့ကြရပြန်သည်။

လူတစ်ယောက်သည် ကျောက်တုံးကြီးတစ်တုံးပေါ်တွင်ထိုင်ကာ မန္တာဂီရိတောင်ကြီးဆီသို့ကြည့်၍ စိတ်ထက်သန်စွာ လက်သီးလက်မောင်းတန်း၍ တစ်ယောက်တည်း အော်ဟစ်နေသည်။

"ဟုတ်ပြီ-ချလကွာ၊ အနက်က ကြောက်သကိုးကွ၊ အတက်နဲ့မျက်လုံးကိုခုတ်ပေါ့ကွ၊ ဟုတ်ပြီ-ဟယ် မျက်လုံး အဆိတ်ခံရပြီကိုး"

ငလက်ရှည်က ရုတ်တရက်မေးလိုက်၏။

"ဟေ့လူ. . ဘာဖြစ်တာလဲဗျ"

"အောင်မယ်လေးဗျ"

ထိုလူမှာ ကျောက်တုံးနောက်သို့ ဂျွမ်းပျံကျသွားလေ၏။

သက်ဝေကျော်သည် မြင်းပေါ်ကဆင်းကာ ထိုလူကိုပွေ့ထူ၍ နှာနှပ်ပေးရသည်။

"ကျုပ်က ကြက်တိုက်ပွဲ စိတ်ဝင်စားနေတာ၊ ခင်ဗျားတို့ ဗြုန်း

mgyoe.com

mgyoe.com



ခနဲအသံပြုလိုက်တော့ လန့်ပြီးသွားတာပေါ့ဗျ. . ”

သက်ဝေကျော်နှင့်ငလက်ရှည်တို့သည် ထိုလူ စောစောကက ကြည့်ရာဖက်သို့ လှမ်းကြည့်ကြ၏။ ပိတ်နေသော သစ်ပင်များနှင့် တစ်ဝက်တစ်ပျက်ထွက်ပေါ်နေသော မန္တာဂီရိတောင်ထွတ်ကိုသာ မြင်ကြရသည်။ ထို့ကြောင့် ငလက်ရှည်မှာ မကျေမချမ်းဖြစ်သွားတော့၏။

“တောင်ထိပ်တွေမှာ ဘယ်သူတွေက ဆင်လောက်ကြီးတဲ့ကြက်တွေကို တိုက်နေကြတာလဲဗျ. . ဟင်”

“တောင်ထိပ်မှာမဟုတ်ပါဘူးဗျ၊ အဲဒီတောင်ကြီးတစ်ဖက်၊ ထမင်းအိုးတစ်လုံးချက်လောက်သွားရတဲ့ရွာကလေးက ကြက်ပွဲကို ကြည့်နေတာဗျ”

“ငနှမ်းပဲကိုး”

“မနှမ်းပါဘူးဗျာ၊ ကျုပ်က ကြာပင်ကြာရိုးက သံသေဒဇဖြစ်ပြီး မွေးလာရတဲ့ ငမြင်သန်ပါဗျ”

“အော်. . . ငမြင့်သန်းတဲ့လား”

“ငမြင့်သန်းမဟုတ်ဖူး၊ ငမြင်သန်ဗျ၊ အမြင်သန်လွန်းလို့ ခေါ်တာ၊ ကျုပ်က ဒီသစ်ပင်တွေရော၊ အဲဟိုးက တောင်ကြီးရော ဖောက်ထွင်းပြီးအဝေးကြီးကရွာကို မြင်နေရတယ်ဗျ”

ငလက်ရှည်သည် မကျေနပ်ပါ။

“ကျုပ် မယုံဘူးဗျ၊ ဒီတော့ စမ်းကြည့်မယ်၊ ဟိုးအဝေးကြီးက သစ်ပင်ကြီးရဲ့နောက်ကို သွားကွယ်နေမယ်၊ အဲဒီနောက်မှာ ကျုပ် ဘာလုပ်နေတယ်ဆိုတာ ခင်ဗျားက ဒီကနေကြည့်ပြီး ပြောမှယုံမယ်”

“ကောင်းပါပြီဗျာ၊ သွားချည်ပါ”

mgyoe.com

mgyoe.com


မသွားခင် လေကဲရှည်သည် သက်ဝေကျော်၏နားနားသို့ကပ်၍ ကိုသက်ဝေကျော်. . ကျုပ်က သစ်ပင်ကြီးတွေကွယ်ပြီး လျှာထုတ်ပြမယ်၊ အဲဒါ သူပြောနိုင်ရင် သူတကယ်အမြင်သန်တာပဲ၊ ကဲ. . ကျုပ်သွားမယ်”ဟုပြောကာ ထွက်သွားလေသည်။ သက်ဝေကျော်နှင့် မြေမြင်သန်သည် ကျောက်တုံးကြီးပေါ်တွင်ထိုင်၍ လှမ်းမျှော်ကြည့်နေကြသည်။ ခဏအကြာတွင် လေကဲရှည်သည် သစ်ပင်ကြီးနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

သက်ဝေကျော်မှာ ပင်စည်ကြီးမားသော သစ်ပင်ကြီးကြောင့် လေကဲရှည်ကို မြင်နိုင်စွမ်းမရှိတော့သဖြင့် မြေမြင်သန်ကို လှမ်းကြည့်လိုက်သည်။ မြေမြင်သန်သည် သစ်ပင်ကြီးဆီသို့ စူးစိုက်ကြည့်နေရာမှ မျက်မှောင်တစ်ချက်ကုတ်လိုက်သည်။ ပြီးတော့ အားရပါးရ ရယ်တော့၏။

“ဟာ. . ဒီလူ ကနေလိုက်တာ ကွေးလို့ပါကလား၊ တော်တော်လည်း မြန်မြန်ကနိုင်တဲ့လူပဲဗျို့.”

သူ၏စကားအဆုံးတွင် သက်ဝေကျော်က ဆက်ပြောလိုက်၏။

“လွဲပြီဗျို့၊ ခင်ဗျားမှားပြီ၊ မမြင်ဘဲနဲ့ ဘာဖြစ်လို့မြင်တယ်လို့”

ထိုခဏတွင် လေကဲရှည်သည် သစ်ပင်ကြီးနောက်မှ ခုန်ပေါက်ပြေးထွက်လာတော့သည်။ မောကြီးပန်းကြီးနှင့် သူတို့နားရောက်သောအခါ ပြောပြ၏။

“ဟာဗျာ. . ဟန်မကျလိုက်တာ၊ သစ်ပင်ကြီးနောက်လည်းရောက်ရော၊ ဒီဘက်လှည့်လိုက်ကာရှိသေး၊ ပျားတွေတုပ်တော့တာပဲဗျို့. . ၊ ပထမတော့ ခုန်ဆွခုန်ဆွနဲ့ ပျားတွေကိုပုတ်ပစ်သေးတယ်၊ မရတော့ ခုလိုပြေးထွက်ခဲ့ရတာပဲ”

mgyoe.com

mgyoe.com


ငမြင်သန်က ရယ်၍ပြန်ပြော၏။

"ခင်ဗျားကတော့ ပျားတုပ်ခံရတာကိုး၊ ကျုပ်ကတော့ မသိပါဘူး၊ ခင်ဗျား ပျော်လွန်းလို့ ကွေးနေအောင်ကတယ်မှတ်လိုက်တာကိုးဗျ. . ဟား. . ဟား. . ဟား"

ငမြင်သန်သည် တကယ်အမြင်သန်ကြောင်းကို သက်ဝေကျော်က ဝန်ခံရတော့သည်။ သူတို့သုံးယောက်သားသည် ပါလာသော ရိက္ခာကို ဝေမျှစားသောက်ပြီး ခရီးက်ခဲ့ပြန်၏။ မြင်းပေါ်တွင် ရိက္ခာပစ္စည်းများကိုသာ ဘင်ကာ သက်ဝေကျော်ကိုယ်တိုင်ကမူ သူ၏အဖော်နှစ်ယောက်နှင့်အတူ လမ်းလျှောက်လာခဲ့လေသည်။

တောအုပ်နှင့်တောင်ကြီး၏အကြားတွင် ကွင်းပြင်ကလေးရှိ၏။ ဆိုကွင်းပြင်အစပ်သို့ရောက်သောအခါတွင် သူတို့အားလုံး အံ့အားသင့်သွားကြရတော့၏။

လူတစ်ယောက်သည် မြေကြီးပေါ်တွင် ပက်လက်လှန်၍ အိပ်ကာ မြေကမူလေးတစ်ခုကို ခေါင်းအုံး၍ လေထဲသို့မှုတ်နေသည်။

ငလက်ရှည်သည် ကပျာကယာပင် ထိုသူ၏အနားသို့ပြေး၍ ချဉ်းကပ်သွားပြီး မေးလိုက်သည်။

"ဘယ်လိုလဲဗျ. .၊ ခင်ဗျားရဲ့ပါးစပ်ကို ဖြုတ်ကောင်တွေ အုံလို့လား"

"မဟုတ်ပါဘူးဗျ"

ထိုလူသည် လှည့်မကြည့်ဘဲ ပြန်ဖြေပြီးပြီးချင်း ဆက်မှုန်ပြန်၏။

"ဒါဖြင့် ဘာဖြစ်လို့ တဖူးဖူးဖြစ်နေရတာလဲဗျ၊ ခင်ဗျားရဲ့ဝမ်းဗိုက်က ဖားဖိုသေလို့ဝင်စားတာလား"

ထိုလူသည် စိတ်ပျက်စွာနှင့် ငလက်ရှည်ကို လှည့်ကြည့်လိုက်

mgyoe.com

mgyoe.com


၏။

"ခင်ဗျားတော်တော်ရှုပ်တဲ့လူပဲဗျာ၊ ဟိုးကောင်းကင်ပေါ်က တိမ်တွေကို အရုပ်ဖြစ်အောင် မှတ်နေတာဗျ၊ ကြည့်. . ဟိုဟာကို ခေါင်းတပ်လိုက်ရင် ကိန္နရာရုပ်ကလေးဖြစ်တော့မှာ"

တစ်ဖန်ပြန်လှည့်၍မော့ကာ မှတ်ပြန်သည်။ သက်ဝေကျော်တို့လည်း သူမှတ်နေရာကောင်းကင်ပြင်ဆီ လှမ်းကြည့်လိုက်သော အခါ တိမ်တစ်စုမှာ တရွေ့ရွေ့နှင့် တိမ်အုပ်ဆီရွေလျားလာ၏။ ထိုတိမ်စုနှင့် တိမ်အုပ်တို့ ဆက်မိသောအခါ ကိန္နရာရုပ်သဏ္ဌာန် ဖြစ်ပေါ်လာလေတော့သည်။

"တယ်ဟုတ်ပါလားငလေပြင်း၊ မင်းလည်း တို့နဲ့လိုက်ခဲ့ပါလား၊ မင်းက ဘယ်ဇာတိလဲ"

ငမြင်သန်က ပြောလိုက်၏။

"ကျုပ်က တိမ်လွှာပြင်မှာ သံသေဒဇဖြစ်တာလေ၊ အစား အသောက် မပူပင်ရဖူးဆိုရင်လိုက်ခဲ့တာပေါ့လေ"

"အို. . . မပူပါနဲ့ကွာ၊ ဟော. . ပြောရင်းဆိုရင်း ဟောဟိုက တောင်စောင်းအောက်ခြေမှာ အုန်းပင်ကို ငါမြင်တယ်၊ အုန်းသီး ခိုင်မှ အကြီးကြီးပဲကွ"

ငမြင်သန်က ဤသို့ပြောလိုက်သောအခါ ငလက်ရှည်က "ကောင်းပြီ၊ ခင်ဗျား အဲဒီကကြည့်ရင်းနေရာပြ၊ ကျုပ်က လက်နဲ့ လိုက်စမ်းပြီးဖြုတ်မယ်"ဟုပြောကာ သူ့လက်တံကြီးကို ဆန့်လိုက်၏။ ငမြင်သန်က ဘယ်ရွှေ့-ညာရွှေ့၊ နည်းနည်းနှိမ့်ပေး စသည်ဖြင့် ညွှန်ကြားချက်ပေးသည်။ ငလက်ရှည်မှာ မမြင်မကန်းနှင့် လှမ်းစမ်းရာက အုန်းသီးခိုင်ကို ရယူနိုင်ခဲ့လေသည်။ အုန်းသီးများရှသော

mgyoe.com

mgyoe.com


အခါ ငလေပြင်းက မြေကြီးပေါ် ချ၍ မှုန်လေတော့ရာ အုန်းသီးများမှာ ဖြန်းဖြန်းကွဲလေ၏။

သူတို့သည် စားသောက်ပြီးစီးကြသောအခါ ခရီးဆက်ခဲ့ကြ၏။ တောင်ကြီးအောက် ရေတံခွန်ခြေရင်းသို့ရောက်သော် ငမြင်သန်က လှမ်းကြည့်၏။

"ရေတံခွန်ထိပ်မှာ ရွှေပန်းခိုင်ဆိုတာ မရှိပါဘူး၊ ရေညှိတွေပဲ ရှိတယ်"

ဤသည်ကို မကျေနပ်၍ ငလက်ရှည်က လှမ်းစမ်းပြန်၏။

"ဟုတ်တယ်၊ မရှိပါဘူး"

သို့တိုင်အောင် သက်ဝေကျော်က မကျေနပ်သဖြင့် လေးဦးသား တောင်နှာမောင်းဘက်လှည့်ကာ တက်ခဲ့ကြလေ၏။ ရေတံခွန်ထိပ် ချောင်းကမ်းပါးသို့ရောက်သောအခါ ငလေပြင်းက ဟိုနေရာသည်နေရာရှောက်၍ မှုတ်၏။ သူမှုတ်လိုက်သောနေရာများတွင် ရေတို့သည် ရှဲခနဲဖယ်ရှားသွား၍ ရေပြင်လွှာအောက်ခြေမှ ကျောက်သားများပင် ဖွေးခနဲ ဖွေးခနဲပေါ်လာ၏။ နေရာအနှံ့အပြားကို မှုတ်၍ ရှာဖွေသော်လည်း ရွှေပန်းခိုင်ကို မတွေ့ရချေ။

ဤတွင်မှ သက်ဝေကျော်သည် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားလေ၏။

"ဟာ. . ဦးခနကြီး အကောက်ကြံပြီထင်တယ်"

သူပြောသောစကားကို ငလက်ရှည်က နားလည်လိုက်ပုံ မရချေ။

"ဟာ. . အကောက်ကျန်နေရင် ကျုပ်တို့တွေ့မှာပေါ့၊ ကောက်သွားတာ ဘာမှမကျန်လို့ မရှိတော့တာပေါ့ဗျ"

mgyoe.com

mgyoe.com



သက်ဝေကျော်သည် သူ့စကားကို ဂရုမထားနိုင်တော့ဘဲ ငမြင်သန်ဘက်သို့ လှည့်လိုက်၏။

"ငမြင်သန်. . ပါသာဒဝတီမြို့ကြီးဆီကို ကြည့်ပေးပါအုံးဗျာ၊ အထူးသဖြင့် ပြာသာဒ်ကြီးကို ကြည့်ပါ"

ငမြင်သန်သည် 'မှန်းစမ်း'ဆို၍ မျက်လုံးပေါ် လက်အုပ်ကာ၍ ကြည့်လိုက်သည်။ ဟိုဟိုသည်သည်ကြည့်ရာက စကားပြန်ပြောသည်။

"ဟော. . ဟုတ်ပြီ၊ တွေ့နေပြီ. . တွေ့နေပြီ"

သူ့စကားကို ငလေပြင်းက မအောင့်နိုင်သဖြင့် ဖြတ်မေး၏။

"ဘာကိုတွေ့တာလဲဗျ"

"ဘုံခုနစ်ဆင့်ကို တွေ့တာပေါ့"

"ဟာ-အရေးထဲ ဆိုင်းဝိုင်းကြီးသွားကြည့်နေရသလားဗျ"

"ဘာလဲကွ- ဘုံခုနစ်ဆင့်ဆိုတာ ပြာသာဒ်ကိုပြောတာ၊ နင့်ဘိုးအေ တီးတဲ့ဗုံတွေ လက်ကမြင်းပြီးဆင့်ထားတာကို ပြောတာ မဟုတ်ဖူးဟ"

"သိပါဖူးဗျာ"

သူတို့စကားဆိုနေကြစဉ် သက်ဝေကျော်က ကြားဖြတ်၍ ပြောပြန်၏။

"ပြာသာဒ်ကြီးတွေ့ရင်လည်း သေသေချာချာဖောက်ထွင်းပြီး အထဲကိုကြည့်ပါအုံး၊ ဘာတွေ့သလဲလို့"

"မှန်းစမ်း. . ဟယ်. . ကောင်မလေးတစ်ယောက်ဗျ၊ သလွန်ပေါ်မှာ ထိုင်ရင်း တရှုံ့ရှုံ့ငိုနေတယ်။ ဘေးနားက နှုတ်ခမ်းမွေးပွပွကြီးနဲ့လူကြီးကမျက်နှာချိုသွေးပြီး ဘာတွေပြောနေသလဲတော့

mgyoe.com

mgyoe.com



မသိဘူး။ ကောင်မလေးကတော့ ခေါင်းခါလိုက်၊ အဘိုးကြီးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့လိုက်လုပ်နေတယ်"

"ဟာ. . ဟုတ်ပါပြီ၊ ကျုပ်တို့အမြန်သွားကြမှာပဲ၊ လမ်းကြတော့ အားလုံးရှင်းပြီး ပြောပြသွားပါ့မယ်ဗျာ"

သက်ဝေကျော်တို့သည် အပြန်ခရီးသို့ သုတ်ခြေတင်ခဲ့ကြလေ၏။

သူတို့သည် မြို့ထဲသို့ မှောင်မှ ဝင်ခဲ့ကြပြီး ပြာသာဒ်နှင့်နီးနီး ဝင်းခြံအပြင်က ချုံကွယ်တွင်ပုန်းရင်း အရိပ်အခြည်ကြည့်နေကြသည်။ လေက်ရှည်က သစ်ပင်ပေါ်တက်ကြည့်ပြီး ပြန်ဆင်းလာခဲ့၏။

"အပေါ်ဆုံးအထပ်မှာတော့ ကောင်မလေးတစ်ယောက်တည်း ရှိတယ်၊ ဝင်ပေါက် ထွက်ပေါက်တွေကိုပိတ်ထားတယ်၊ ကညင်ဆီတိုင်တော့ ထွန်းလို့ဗျ"

သူ့စကားကိုကြားသော် သက်ဝေကျော် ဘေးဘီသို့ကြည့်မိ၏။

"ကျွန်တော် ကြိုးတစ်ခွေနဲ့ထန်းရွက်ကလေးယူချည်အုံးမယ်၊ ခင်ဗျားတို့စောင့်နေအုံး"

သက်ဝေကျော်သည် မြေင်သန်နှင့်အတူ ထွက်သွား၏။ လေက်ရှည်က သစ်ပင်ခြေရင်းချုံကွယ်တွင်ထိုင်နေစဉ် လေပြေင်းက သစ်ပင်ပေါ်တက်ကြည့်ပြန်သည်။ သူကြည့်နေစဉ် ကောင်မလေး၏ အခန်းတွင်းသို့ ပုဆိုးဝါတစ်ယောက် ဓားကိုလွယ်၍ဝင်လာ၏။ လက်ထဲတွင် အစားအစာများပါလာသည်။ ခင်မျိုးဆွေနားသို့ ချပေး၏။ ခင်မျိုးဆွေသည် ဒေါသထွက်သလို တစ်ဖက်သို့လှည့်လိုက်သည်။ ပုဆိုးဝါသည် ခြေကိုကားရပ်ကာ လက်ကိုပိုက်၍ ရင်တော့

mgyoe.com



လိုက်၏။

ထိုအခိုက် ငလေပြင်းသည် လေချွန်တော့မလို နှုတ်ခမ်းကိုစုကာ ထိုပုဆိုးဝါ၏ရင်ပတ်ကို ချိန်၍ လေကိုချိန်ဆကာ မှုတ်လိုက်၏။ ပုဆိုးဝါမှာ ဟန်ပါပါနေပြီး စကားပြောတော့မည်လုပ်စဉ် ခြေနှစ်ဖက်လန်၍ လေထဲတွင် ဗိုးခနဲနောက်ပြန်ရွေ့လျှားသွားကာ သူဝင်လာသောအပေါက်မှ လျှင်မြန်စွာပင် ပြန်ထွက်ပျောက်ကွယ်သွားလေ၏။ ချက်ချင်းလိုလိုပင် ပြာသာဒ်ကြီး၏အတွင်းလှေကားဆီမှ ခွေးကို ကန်ချလိုက်သလို ဝုန်းဒိုင်းသံစဉ်ကြီး ပေါ်ထွက်လာတော့သည်။

"အောင်မယ်. . ဗုန်း. . လေးဗျ. . ဒိုင်း၊ အောင်မယ်. . ဗုတ် . . လေးဗျ. . ဒုန်း၊ အောင်မယ်. . ဝုန်း. . လေးဗျ. . ခွပ်"

သက်ဝေကျော်သည် ပြန်ရောက်လာလေ၏။ ထန်းရွက်ကလေးတွင် စာရေးလာခဲ့သည်ဖြစ်ရာ ထန်းရွက်နှင့်ကြိုးခွေကို ငလက်ရှည်၏လက်သို့ အပ်လိုက်သည်။ ငလက်ရှည်သည် သစ်ပင်ပေါ်တက်သွားလေတော့သည်။

ခင်မျိုးဆွေမှာ စိတ်ညှိုးငယ်လှသည်ဖြစ်၍ သလွန်ပေါ်၌ ထိုင်ရင်းကပင် ပြတင်း၏အပြင်ဘက် မှောင်ထဲဆီသို့ငေးကြည့်နေမိ၏။ ထိုခဏတွင် ဘွားခနဲလက်ကြီးတစ်ဖက်ဝင်လာကာ သူ့ခြေရင်းနားတွင် ကြိုးခွေနှင့် ထန်းရွက်ကလေးကိုချထားလိုက်သည်။ ခင်မျိုးဆွေမှာ မအော်နိုင်ဘဲ ကြက်သေသေကြည့်နေခိုက်မှာပင် လက်ကြီးမှာ ဖြုတ်ခနဲပြန်ထွက်ပျောက်ကွယ်သွားလေ၏။

ခင်မျိုးဆွေသည် ထန်းရွက်ကလေးကို ကပျာကယာ ကောက်ကြည့်သည်။

mgyoe.com

mgyoe.com



ခင်မျိုးဆွေကို သက်ဝေကျော် စာရေးလိုက်သည်။

ကြိုးစတစ်ဖက်ကို တိုင်တစ်လုံးတွင် ခိုင်ခိုင်ချည်ပါ၊ ကျန်ကြိုးစ တစ်ဖက်ကိုကိုင်ပြီး မြှောက်ပြပါ၊ လက်က ဝင်ယူပါလိမ့်မယ်"

ခင်မျိုးဆွေသည် ပြုံးရွှင်ကြည်လင်သွားကာ စာထဲပါသည့် အတိုင်းပင် ကြိုးစတစ်ဖက်ကို တိုင်တွင်ချည်၍ တစ်ဖက်ကိုမြှောက် ကိုင်ထားရာ လက်တံရှည်ကြီးမှာ ဖြုတ်ခနဲဝင်လာပြီး သူကိုင်ထား သောကြိုးစကို ယူသွားလေ၏။

လက်ရှည်သည် ကြိုးစကို သစ်ပင်အကိုင်းတွင် ချည်လိုက် သောအခါ ကြိုးတန်းကြီးသည် ဖြစ်ပေါ်လာလေ၏။ သစ်ပင်ပေါ်မှ လက်ရှည်ဆင်းလာပြီး မြေခွေသန်နှင့်အတူ ချုံကွယ်၏နောက်၌ ထိုင်ခိုက်တွင် သက်ဝေကျော်နှင့် လေပြင်းတို့သည် သစ်ပင်ပေါ် တက်သွားကြ၏။

ထိုအချိန်တွင် မိုးကောင်းကင်၌ လမင်းသည် မှုန်ရီဝိုးတဝါး သာစပြုနေလေသည်။

သက်ဝေကျော်သည် လက်ကိုပုဝါစပတ်ကာ ကြိုးတန်းကို ခို လိုက်၏။ သူ၏တင်ပါးကို လေပြင်းက လေကလေးဆ၍မှုတ်လိုက် သောအခါ သက်ဝေကျော်မှာ ပြာသာဒ်ကြီးဆီသို့တရွေ့ရွေ့ လျှော တိုက်၍ သွားနေလေတော့သည်။

"ဟယ်. . ဝိဇ္ဇာခိုရ်ယောကျ်ားကလဲ ကားရားကြီးပါလားကရိုး"

ဝင်းအထဲပြာသာဒ်ဘေးက မြင်းစီးအစောင့်ပုဆိုးဝါသည် လွှတ် ခနဲပြောမိ၏။ ထို့နောက် သူသည် ပို၍မြင်ရစေရန် ကြိုးတန်း အောက်သို့ မြင်းကိုစီး၍ရောက်လာပြီး မျက်လုံးကိုပြူးပြဲကြည့်၏။

သို့သော် လမင်းမှာ မှုန်ရီဝိုးတဝါးမို့ သိပ်ပြီးသဲကွဲခြင်းမရှိလှ။

mgyoe.com

mgyoe.com


ထို့ကြောင့် သူသည် ပို၍မြင်ရစေရန် ရပ်တန့်နေသောမြင်းပေါ်တွင် မတ်တပ်ထ၍ရပ်လိုက်ပြီး ဇက်ကို မော့နိုင်သမျှ မော့ကာ ပင့်ကြည့်သည်။ ထိုအခိုက်တွင် လက်ကြီးတစ်ဖက်သည် ရုတ်တရက်ရောက်လာပြီး မြင်း၏တင်ပါးကို ဖျန်းခနဲပုတ်လိုက်ရာ မြင်းသည် လန့်၍ထွက်ပြေးလေ၏။ မြင်းပေါ်မှ ပုဆိုးဝါမှာ မြေကြီးပေါ်သို့ ဖုတ်ခနဲဂွမ်းပျံကျလေတော့သည်။

"လုပ်ကြပါအုံး၊ တစ္ဆေခြောက်တယ်ဗျို့"

ငယ်သံပါအောင်အော်ရင်း ပုဆိုးဝါက ကုန်းထ၏။ မတ်တပ်မရပ်မီပါ ကုန်းကုန်းကြီးဘဝတွင်ပင် လက်ကြီးက ဖင်ကို တွန်းလိုက်သဖြင့် ဟပ်ထိုးကြီးကျသွားပြန်သည်။ ပြန်ထ၏။ ပြန်တွန်း၍ ပြန်ကျ၏။

"ဟယ်. . တဖုတ်ဖုတ်ပါပဲလားကရို. ."

သူ၏အော်သံဟစ်သံကြောင့် ပုဆိုးဝါတို့သည် ဓားကိုယ်စီနှင့် ပြေးလာကြရာ လက်ကြီးသည် ပြန်ရုပ်သွား၏။

ပုဆိုးဝါများသည် အောက်ကလှူထပ်၊ အပေါ်က ရိပ်ခနဲ ပြတင်းပေါက်ထဲဝင်သွားသော သက်ဝေကျော်ကို သတိပြုမိကာ သူဌေးကြီးဦးခနထံအမြန်ပြေး၍ အကျိုးအကြောင်းပြောကြတော့၏။

သို့ဖြစ်ရကား မကြာမီပင် သက်ဝေကျော်သည် လက်တစ်ဖက်က ခင်မျိုးဆွေကိုကိုဖက်ထားရင်း လက်တစ်ဖက်က ဓားဖြင့်ရန်သူများကို ဓားရေးပြရတော့သည်။ ဓားရေးတော်လှသည် မှန်သော်လည်း အင်းအားချင်းမမျှသည်ဖြစ်သောကြောင့် သက်ဝေကျော်ရော ခင်မျိုးဆွေပါ အဖမ်းခံကြရတော့သည်။

mgyoe.com

mgyoe.com


သက်ဝေကျော်၏အဖော်သုံးယောက်သည် အပြင်ဖက်တွင် အကြံပြုနေကြ၏။ သို့သော် နံနက်လင်းမှ ထင်းထင်းလင်းလင်း အချိန်တွင် သက်ဝေကျော်အား ကယ်တင်ကြရန် သဘောတူညီကြ၏။ ထို့ကြောင့် သူတို့သည် မြို့ပြင်က ဇရပ်ကြီးတွင်စတည်းချကာ မြင်သန်က ဇရပ်မှနေ၍ ပြာသာဒ်ထဲက အဖြစ်အပျက်များကို ကြည့်ရှုအကဲခတ်နေသည်။

ဦးစနနှင့်မြို့တော်ဝန်တို့သည်လည်း ခေါင်းချင်းရိုက်နေကြ၏။ သူတို့၏အကြံကား သူဌေးကြီး၏ဝင်းထဲရှိ မြေကွက်လပ်တွင် နက်ဖြန်နေမွန်းတည့်ချိန်၌ တိုင်နှစ်တိုင်တွင် ကြိုးနှင့်ချည်ထားသော သက်ဝေကျော်နှင့် ခင်မျိုးဆွေတို့ကို လှံအဲမောင်းများဖြင့် မြင်းသည်ကျော်ပုဆိုးဝါတို့က သတ်ဖြတ်ကြမည်ဟူသတည်း။

နောက်တစ်နေ့ နေ့လယ်၌ ကွင်းပတ်လည်တွင် မြို့သူမြို့သားများ ပြည့်ကျပ်နေ၏။ ကွင်းတစ်ဖက်တိုင်နှစ်တိုင်တွင် သက်ဝေကျော်နှင့် ခင်မျိုးဆွေတို့ကို သနားစဖွယ် ချည်နှောင်ထား၏။ မျက်နှာချင်းဆိုင်ဖက်တွင် အဲမောင်းကြီးများကိုယ်စီကိုင်ထားသော မြင်းသည်ကျော်ပုဆိုးဝါရှစ်ယောက်သည် မြင်းများနှင့် တန်းစီရပ်နေကြ၏။ ကွင်းပတ်လည်ကို ပုဆိုးနီများက ထိန်းပေးကြရသည်။ သို့သော် မြို့သူမြို့သားများသာမက ပုဆိုးနီများကပါ စိတ်မချမ်းသာစွာကြည့်နေကြသည်။

သူဌေးကြီးဦးစနက ပုဝါကိုမြေသို့ချ၍ အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် မြင်းသည်ကျော်ရှစ်ဦးတို့သည် ဝေါခနဲမြင်းများကို ဒုန်းစိုင်းကာ ရှေ့သို့တစ်ဟုန်တည်းထွက်လာခဲ့ကြလေ၏။ သို့သော် လမ်းခုလတ်တစ်နေရာသို့ အရောက်တွင် ပရိသတ်ထဲမှ လက်

mgyoe.com

တံရှည်ကြီးတစ်ဖက်သည် ရုတ်ခနဲထွက်လာ၍ ဆန့်တန်းလိုက်၏။ မြင်းသည်ကျော်ရှစ်ဦးစလုံးမှာ လက်တံကြီးနှင့် ရင်ပတ်များတိုက်ကာ သူတို့၏မြင်းများသာ ရှေ့သို့တစ်ဟုန်တည်းဆက်ပြေးသွားကြသည်။ သူတို့ကား တဖုတ်ဖုတ်နှင့်မြေကြီးပေါ်သို့ ပြိုင်တူကျကုန်ကြလေ၏။ လက်တံ၏အဖျားသည် တစ်ဖက်က သူဌေးကြီးဦးခနေ၏ ခေါင်းကိုတစ်ချက်ဖောက်ခနဲ ပုတ်ကာ ရုတ်ခြည်းပင်ပြန်ဝင်ပျောက်ကွယ်သွားလေ၏။

လူများ ကြက်သေသေနေစဉ်မှာပင် ကွင်းလယ်ခေါင်သို့ လေပြင်းတစ်ချက်သည် စူး၍ဝင်လာကာ မြေမှုန့်၊ ဖုန်မှုန့်များတထောင်းထောင်းထကုန်လေရာ မြင်းပေါ်မှကျထားသော မြင်းသည်ကျော်တို့မှာ သဲများ၊ ဖုန်များအကြားတွင် လူးလှိမ့်ခံကြရလေတော့သည်။

ဖုန်လုံးများထ၍ ရုတ်ရုတ်သဲသဲဖြစ်နေချိန်ဝယ် သက်ဝေကျော်၏ နောက်သို့ လက်တံကြီးရောက်လာပြီး ကြိုးတွေကိုဖြည်ပေးသည်။ ထို့နောက် မလှမ်းမကမ်းတွင်ဓားကိုင်၍ ရပ်ပြီး ကွင်းလယ်သို့ကြည့်နေသော ပုဆိုးဝါတစ်ယောက်တင်ပါးကို လက်သီးနှင့် လက်တံရှည်ကြီးက ထိုးလိုက်ရာ ထိုလူမှာ ချာခနဲနောက်သို့လှည့်ကြည့်၏။ ထိုသို့ လှည့်ကြည့်လိုက်မှ ဖျန်းခနဲပါးရိုက်ခံရပြီး လက်မှဓားလွတ်ကာ မြေကြီးပေါ်သို့ လေးဖက်ထောက်ကျသွားသည်။ သူလွတ်ကျသွားသော ဓားရှည်ကို လေက်ရှည်က ကောက်ယူကာ သက်ဝေကျော်သို့ ပေးလိုက်၏။

သက်ဝေကျော်သည် ခင်မျိုးဆွေကို ကြိုးများဖြည်ပေးကာ လေက်ရှည်နှင့်ထားခဲ့ပြီး သူကိုယ်တိုင်ကမူ ဓားရှည်ကိုကိုင်စွဲ၍ ဦးခနေရှိရာသို့ ဓားပွဲဆင်နွဲရင်း ရှေ့ကဆီးနေသော ပုဆိုးဝါများကို

mgyoe.com


တိုက်ခိုက်ကျော်လွှား၍ သွားနေ၏။ ဤတွင် သူ့အား မြို့တော်ဝန်၏ တပ်သားများက ကူညီလာကြလေတော့၏။

ထိုအခိုက် ငမြင်သန်သည် ပြာသာဒ်ကြီးဆီသို့ ကြည့်မိရင်းက မျက်လုံးပြူးသွားသည်။ ဘုံအဆင့်ဆင့်တိုင်း၏အထဲတွင် ပုဆိုးဝါလေးသည်တော်တို့သည် နေရာယူရန် ပြင်ဆင်နေကြသည်ကို နံရံများကို ဖောက်ထွင်း၍ သူမြင်သောကြောင့်တည်း။

မကြာပါခင်ဗျာ။

လေသည် ပြင်းပြင်းကလေးတိုက်ခတ်လာပြီး တစတစပို၍ ပြင်းလာကာ ပြာသာဒ်ကြီးသည် ယိမ်းထိုးလာသည်။ ခဏချင်းပင် ပို၍ယိမ်းထိုးလာသည်။ ထိုအခါ အထဲမှ လေးသည်တော်တို့မှာ သေတ္တာထဲ၌ ဂေါ်လီလုံးထည့်၍ ခေါက်သကဲ့သို့ဖြစ်ကာ ဤဘက်နံရံမှနေ၍ လျှောခနဲ ဟိုဘက်နံရံသို့ပြေး၍ ဆောင့်မိခြင်း၊ ပြတင်းပေါက်မှငုံ့အကြည့်တွင် ဟပ်ထိုးကြီးကျလာခြင်းများကို ကြုံတွေ့ကြရလေတော့သည်။

လေသည် တစထက်တစ ပို၍ပို၍ ပြင်းလာလေရာ နောက်ဆုံးတွင် ဘုံခုနစ်ဆင့်နှင့် ပြာသာဒ်ကြီးမှာ ဝရုန်းဒိုင်းနှင့်မြည်ဟည်းပြီး ပြိုပျက်ကျလေတော့သည်။

မြေကြီးပေါ်ကပုဆိုးဝါများလည်း မသက်သာလှပါ။ သက်ဝေကျော်ကို နောက်မှနေ၍ အလစ် ဓားနှင့်ဝင်ထိုးသူတစ်ဦးမှာ လက်တံရှည်ကြီး၏ ဂုတ်မှနေ၍ ဆွဲယူခြင်းကိုခံရကာ စွေ့ခနဲသစ်ပင်ထိပ်ဖျားပေါ် ရောက်နေ၏။ သူ့ခမျာ လိမ့်ကျမှာစိုး၍ ဖက်မိဖက်ရာ သစ်ကိုင်းကိုဖက်ထားသော်လည်း သစ်ကိုင်းမှာ သူ့ဒဏ်ကို မခံနိုင်ရကား ကျွတ်. . ကျွတ် နှင့် စုပ်တသပ်သပ်ဖြစ်ရာက နောက်ဆုံးတွင်

mgyoe.com

mgyoe.com


ဂွတ်ခနဲအပြတ်မြည်ကာ ထိုလူမှာလည်း ဘဝဂ်မှနေ၍ အဝီစိသို့ ဇောက်ထိုးဆင်းသွားရှာလေတော့သည်။

အချို့သော ပုဆိုးဝါများမှာလည်း မြေကြီးပေါ်တွင် စစ်သည်တော်များနှင့် ဓားရေးပြနေရာက စွေ့ခနဲမြောက်ကာ အိမ်ခေါင်မိုးတွေပေါ် ရောက်ကုန်၏။ ထိုလူများအနက်မှ ငလေပြင်းမြင်မိသွားသောသူများမှာ တိမ်ကြားထဲသို့ပင် ဆက်၍ရောက်ကုန်ကြသည်။ ထိုသို့ တိမ်ကြားထဲသို့ ရောက်သွားကြသူများသည် ပါသာဒဝတီမြို့ကြီးသို့ ပြန်၍ရောက်လာသည်ဟု မကြားရတော့ချေ။

သက်ဝေကျော်မှာလည်း သူ့လမ်းကို သူတိုက်ခိုက် ခုတ်ထွင်၍သွားသည်တွင် တစ်နေရာသို့ ရောက်သောအခါ ဦးခနနှင့်ရင်ဆိုင်ရတော့၏။ ဦးခနသည် ဓားခုတ်တတ်သူမဟုတ်ပါ။ သို့သော် သူ၏သက်တော်စောင့် ငကျောက်ကဝင်၍ ကာကွယ်သည်။

ငကျောက်သည် ဓားရေးတော်ပါ၏။ သို့သော် သက်ဝေကျော်ကိုကား မမှီရှာပါ။ အလင်းရောင်ကြောင့် ဓားများ လက်ခနဲ ဖြစ်လိုက် ဓားသွားချင်းထိရာက မီးပွင့်လိုက်နှင့် ပြိုးပြိုးပြက်ပြက်ဖြစ်နေသည့်ကြားမှ သက်ဝေကျော်၏ဓားဦးမှာ ငကျောက်၏ရင်ဝကို ဖောက်ထွင်းဝင်ရောက်သွားသည်။ ငကျောက်မှာ လန့်၍ လက်ထဲမှဓားကို ရမ်းလိုက်ရာ အနားမှသူ့သခင် ဦးခနမှာ ပုံခနဲလဲကျသွားလေတော့၏။

သူ့အားကိုးသော သက်တော်စောင့်၏ လက်ချက်ဖြင့်ပင် ဦးခနမှာ ဇီဝိန်ကြွေရရှာတော့သည်။

ဘုရင့်နေပြည်တော်မှ သတင်းများအပြည့်အစုံရရှိသည်ဖြစ်၍ မြို့တော်ဝန်ဟောင်းမှာ ရာထူးမှလည်းနုတ်ပယ်ခံရသည်။ အကျဉ်း

mgyoe.com

mgyoe.com



လည်းကျသည်။ သက်ဝေကျော်မှာ မြို့တော်ဝန်သစ်ဖြစ်လာ၍ ခင်မျိုးဆွေနှင့်လက်ထပ်ပွဲကြီးကျင်းပရသည်။ စစ်သည်တော်များက လည်း ပုဆိုးဝါများမရှိတော့ပြီဖြစ်၍ ကျေနပ်ကြရသည်။

ငလက်ရှည်တစ်ယောက်သာ ဟန်မကျဖြစ်နေ၏။ လက်ဆန့်ရန် တွင်းထဲသို့ လက်ထည့်ရာ ငရဲပြည်မှ ဆီပူအိုးထဲသို့ လက်ရောက်သွား၍ ဆေးကုယူရ၏။ ထို့ကြောင့် သက်ဝေကျော်က သူ့အတွက် လက်ဆန့်ရန် ပြာသာဒ်ကြီးတစ်ဆောင် ဆောက်ပေးရသည်။ လက်ကို ထောင်လျက်သား ဆန့်ရန်ဖြစ်၏။

ထို့ကြောင့် ထိုမြို့သည် ပါသာဒဝတီဟုပင် ဆက်၍တွင်နေတော့သတည်း။

ကလေးတို့ရွှင်လန်းကြပါစေ။

❑

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

# ရသေ့သီလကြောင်

ဓမ္မာဝတီမြို့တော်ကြီးနှင့် ပိတောက်ပျိုဇနပုဒ်ကလေးတို့သည် တစ်ခုနှင့်တစ်ခု တော်တော်ကလေး အလှမ်းကွာဝေးပေသည်။ မြို့တော်ကြီးနှင့် ဇနပုဒ်ကလေးတို့၏အကြားဝယ် တောအုပ်တစ်အုပ်ရှိပြီး ထိုတောအုပ်ထဲတွင် နဂါးတွင်းဟုခေါ်သည့် တွင်းကြီးတစ်တွင်းရှိလေသည်။

ခရီးသွားများသည် တောအုပ်ကိုဖြတ်၍သွားကြသောအခါ နဂါးတွင်းမှ နဂါးများထွက်ထွက်လာတတ်သည်ဆိုပြီး မည်သူမျှ ထိုတွင်း၏အနားသို့ မသွားကြချေ။ တွင်းကြီးမှာလည်း တောဖြတ်လမ်းမှ များစွာဝေးလှသည်တော့မဟုတ်။

တစ်နေ့သောအခါတွင် တစ်နယ်တစ်ကျေးမှ လူဆိုးတစ်ယောက်သည် မင်းပြစ်မင်းဒဏ်ကိုကြောက်၍ ရှောင်တိမ်းပြေးလာပြီး ထိုနဂါးတွင်းကြီးနားသို့ ရောက်ခဲ့သည်။ သူသည် ခရီးသွားရလွယ်ကူအောင် ရသေ့လိုဝတ်စားထား၏။

မိုးချုပ်သွားသည်ဖြစ်၍ ရသေ့ယောင်သည် ထိုနေရာတွင်ပင် သစ်ခက်တဲကလေးထိုးကာ စခန်းချတော့သည်။ သူကား တစ်ရပ်

mgyoe.com


တစ်ရွာမှလာသူဖြစ်သောကြောင့် နဂါးတွင်းကြီး၏အကြောင်းကို ဘာမျှသိသူမဟုတ်ချေ။

သို့ဖြင့် ဆာဆာနှင့် နင်းကန်အိပ်လေရာ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် သူသည် တခေါခေါ်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိသည်။

ထိုအခိုက်တွင် မြေကြီးသည် သိမ့်ခနဲတစ်ချက်တုန်သွားသဖြင့် ရသေ့သည် အိပ်ရာမှ လန့်နိုးလာ၏။ သူကား အအိပ်ကြီးသူဖြစ်၍ အိပ်ရာမှသူ့ကိုလာနှိုးလျှင် လာနှိုးသူကို စိတ်ဆိုးတတ်လေသည်။

အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် သူသည် ဘယ်သူ့ကိုစိတ်ဆိုး ရမှန်းမသိဖြစ်နေရာ "ငါ ဘာကြောင့် အိပ်ရာကနိုးလာပါသနည်း' ဟု သူ့ဘာသာသူ စဉ်းစားနေသည်။ စဉ်းစားနေရင်းကပင် အိပ်ရာ က နိုးလာသည်ဖြစ်၍ ဒေါပွလျက်ပင်ရှိသေး၏။ သို့သော် သူ့နား တွင်လည်း မည်သူတစ်စုံတစ်ယောက်မျှမရှိသဖြင့် ဘယ်သူ့ကို ဒေါ သထွက်ရမှန်းမသိဘဲ သူ့ဒေါသမှာ ယောင်ချာချာဖြစ်နေသည်။

ထိုခဏ၌ တဲကလေးအပြင်ဘက်ဆီမှ ရှူးရှူးရှဲရှဲနှင့်အသံကြီး ကိုကြားမိတော့သည်။ ရသေ့သည် ငေါက်ခနဲထ၍ထိုင်၏။ ဤအသံ ကြောင့် သူနိုးလာသည်။ ဤအသံပိုင်ရှင်သည် သူ့ကိုလာနှိုးသူဖြစ်ရ မည်ဟု တွေးတောယူဆလိုက်၏။ သူ့ဒေါသကား ထိုအသံပိုင်ရှင်ဆီ သို့ ဦးတည်သွားလေတော့သည်။

ရသေ့သည် လှမ်း၍အော်ပြောလိုက်၏။

"ဟေ့. . အပြင်က ရှူးရှူးရှဲရှဲနဲ့၊ ဘယ်အကောင်လဲကွ. . ဟေ၊ ဒီနားမှာ ဖိုလာဆွဲနေသလား. . မီးပြောင်းလာမှုတ်နေသလား"

အပြင်ကအသံသည် တိတ်သွား၏။ ရသေ့သည်လည်း ဆက်

mgyoe.com

mgyoe.com



လက်၍ တိတ်နေ၏။ ရသေ့ကား ဆက်လက်၍မတိတ်နိုင်တော့သဖြင့် တစ်ခါထပ်အော်ပြန်တော့သည်။

"မေးနေတာကိုလည်း ပြန်ဖြေပါလား၊ နားပင်းရဲ့. . ငါ့ကို ဘာမှတ်နေလို့လဲကွ. . ဟေ၊ အင်မတန်မွန်မြတ်တဲ့ တရားအကျင့်ကို အမိဋ္ဌာန်ဝင်ပြီးကျင့်နေတဲ့ရှင်ရသေ့ဆိုတာ မသိလေရော့သလားကွ. . ဟေ"

ထိုအခါတွင် အပြင်ဘက်ဆီမှ ချောင်းဟန့်သံတစ်ချက် ပေါ်ထွက်လာပြီးနောက် ချောမောလှပသော လုလင်ပျိုလေးတစ်ဦးသည် စိမ်းသောအဝတ်တန်ဆာများကို ဝတ်ဆင်၍ တဲအတွင်းသို့ ဝင်ရောက်လာသည်။ ရသေ့နေသည်မှာ သစ်ခက်များမိုးကာထားသည်ဖြစ်သောကြောင့် လုံလုံလဲလဲမဟုတ်ချေ။ ထို့ကြောင့် အရုဏ်ရောင်နီ၏အလင်းရောင်ခြည်ကြောင့် ရသေ့သည် လုလင်ပျိုကို ကောင်းစွာမြင်ရသည်။

လုလင်ပျိုသည် သင့်တော်ရာနေရာ၌ဝင်ထိုင်လိုက်ပြီးသော် ရသေ့ကို ဦးချဝတ်ပြု၍ လျှောက်တင်လိုက်၏။

"အရှင်ရသေ့. ထမင်းမစားတာ ဘယ်နှရက်ရှိပါပြီလဲ"

"သုံးရက်ရှိပြီ"

ရသေ့က ညာသည်တော့မဟုတ်။ သူသည် ရာဇဝတ်ဘေးကိုကြောက်၍ တောပိုင်းများမှခရီးထွက်ရသည်ဖြစ်ရာ ထမင်းငတ်ခဲ့ရသည်။

"တော်တော်လည်း ကျင့်လိုက်တာပဲနော်. ."

"အေး-ဒါထက် ဒကာက ဘယ်သူလဲ"

"အရှင်ရသေ့လို သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို မလိမ်ဝံ့ပါ။ မှန်ရာ

mgyoe.com

mgyoe.com


ကိုလျှောက်တင်ပါ့မယ်။ တပည့်တော်က နဂါးပါ"

"မှန်းစမ်း၊ နင့်နားရွက်၊ဘယ်မှာလဲကွ. . သူလိုငါလိုပါပဲကလား"

"နားရွက်ကြီးကားနေလို့ နဂါးခေါ်တာမဟုတ်ပါဘူးဘုရား၊ တပည့်တော်ဟာ လူမဟုတ်ပါဘူး. . နဂါးမျိုး နဂါးအနွယ်ဖြစ်တယ်လို့ လျှောက်တင်တာပါဘုရား"

"ဟယ်. . မယုံပါဘူးကွာ"

"ကိုင်း . . ဒါဖြင့်လည်း ရှင်ရသေ့စိတ်ခိုင်ခိုင်ထားပါ၊ နဂါးအသွင်နဲ့ ပြန်ပြပါတော့မယ်"

လုလင်ပျိုသည် တခဏမျှ ငြိမ်သက်လိုက်သည်နှင့်တစ်ပြိုင်နက် ဝုန်းခနဲမီးခိုးလုံးကြီးထသွား၏။

"ဟဲ့. . . နင့်အမေနဲ့ ငရုတ်ဆုံ"

ရသေ့က အလန့်တကြားနဲ့ ယောင်၍အော်လိုက်သံအဆုံးတွင် မီးခိုးလုံးကြီးစင်သွားပြီး စောစောကလုလင်ပျိုထိုင်နေသော နေရာတွင် ရစ်ခွေ၍နေသော နဂါး၏ပုံသဏ္ဍာန်သည် ရောက်နေ၏။

ရသေ့ကား စင်စစ် သီလရှိသူမဟုတ်၊ သီလကြောင်ရသေ့သာ ဖြစ်သောကြောင့် နဂါးကိုမြင်ရသောအခါ ထိတ်လန့်သွားလေတော့၏။

"ဟဲ့. . မြန်မြန်လဟဲ့၊ အဲလေ. . မြန်မြန် လူသဏ္ဍာန်ပြန်ဟဲ့ပါကွ. . ဟာ. . ဟုတ်ပေါင်၊ ဟဲ့သဏ္ဍာန်ပြန်လုပ်၊ ဟုတ်ပေါင်. . လန့်သဒူ. . အို၊ လူသဏ္ဍာန်ပြန်လုပ်ပါလကွ. . နဟဲ့ရဲ့၊ ဘာ. . နဂါးရဲ့"

ထိုအခိုက်တွင် ဝုန်းခနဲဖြစ်ပြန်၏။

"အမယ်လေး. . လျော်ကားနဲ့မှိုနတို"

ဒုတိယအကြိမ် ဝုန်းခနဲတွင် ရသေ့သည် ဒုတိယအကြိမ်

mgyoe.com

mgyoe.com


ယောင်သည်သာဖြစ်၏။ နဂါးသည်ကား ချောမောလှပသော လုလင်ပျိုကလေး ပြန်ဖြစ်နေတော့သည်။

"အရှင်ရသေ့ကို ကြောက်အောင်လုပ်မိသလိုဖြစ်လို့ သည်းခံပါ။ ရှင်ရသေ့က မယုံဘူးဆိုလို့ မူလရုပ်သဏ္ဍာန်ကို ပြန်ပြရတာပါဘုရား"

ရသေ့သည် စပ်ဖြည်းဖြည်းလုပ်လိုက်၏။

"ဟဲဟဲ. . ငါမကြောက်ပါဘူးကွ၊ မင့်ကိုယ်ထည်ကြီးက ရှည်လှလွန်းလို့ အံ့သြမိတာပါ။ ဒါထက် မင်းက ငါ့ဆီကို ဘာလာလုပ်တာလဲ"

"အမိဋ္ဌာန်ဥပုသ်ဆောက်တည်ချင်လို့ပါ၊ နဂါးပြည်မှာက ရသေ့သူတော်စင်များမရှိလို့ လူ့ရပ်ရွာကိုချဉ်းကပ်ရတာပါ"

"အလဲ့ကွဲ့၊ ဒါပေမယ့် . . ငါက ဘာမဆို အကျိုးမရှိရင် မလုပ်ဖူးကွ၊ ဒီတော့ အခု မင်းကို သီလပေးရင် မင်းက ငါ့အကျိုးကို ဘယ်လိုပြန်ပြီး ဆောင်ရွက်ပေးမှာတဲ့လဲ"

နဂါးလုလင်သည် လက်ကိုဆုပ်လိုက်၏။ ထို့နောက် ပြန်၍ဖြန့်လိုက်သောအခါ ရဲရဲနီသောပတ္တမြားကျောက်သည် လက်ဝါးပြင်တွင်ပေါ်လွင်နေသည်။

"ဒီကျောက်ဟာ နှုတ်ငုံကျောက်ဖြစ်ပါတယ်၊ ဒီကျောက်ကိုငုံပြီး ကျိန်ရင် ကျိန်တိုင်းဖြစ်ပါတယ်"

ထို့ကြောင့် ရသေ့သည် နဂါးကို သီလပေး၏။ နဂါးက ရသေ့ သီလကြောင်းကို ပတ္တမြားပေးရသည်။

ထိုနေ့မှစ၍ ခရီးသွားတို့သည် ရသေ့ကျောင်းနားရောက်တိုင်း ရသေ့ကို တစ်စုံတစ်ခု ပေးလှူကြရသည်ချည်းဖြစ်သည်။ ရသေ့က

mgyoe.com



တောင်းတတ်၏။ သူတောင်းသည်ကို မပေးသူသည် ကျိန်ခြင်းကိုခံရပြီး သူကျိန်သည့်အတိုင်းဖြစ်ကြရသည်။ သို့ဖြစ်၍ လူတို့သည် ရသေ့သီလကြောင်ကို လွန်စွာမှကြောက်ကြရ၏။

ပိတောက်ပျိုဇနပုဒ်ကလေးတွင်နေသော မောင်မိတ္တသည် မိခင်အိုကြီးကို လုပ်ကျွေးနေသူဖြစ်သည်။ သူသည် ရဲရင့်၏။ မဟုတ်မခံတတ်သူဖြစ်သည်။ မကြာခဏပင် သူသည် စမ္ပာဝတီမြို့တော်သို့ သွား၍ ဟင်းရွက်သီးနှံများ သွားရောက်ရောင်းချရသည်။ သို့သော် မိခင်ကြီးနေထိုင်မကောင်းသဖြင့် ယခုတလော မြို့တော်သို့မရောက်ချေ။

ထိုဇနပုဒ်ထဲ၌ပင် နေထိုင်သော ဖွတ်ကျားဆိုသူမှာ အခွင့်အရေးသမားဖြစ်သည်။ သို့ဖြစ်၍ဖွတ်ကျားမှာ ရသေ့သီလကြောင်သတင်းကိုကြားသည်နှင့်တစ်ပြိုင်နက် ရသေ့ထံသွား၍ ဝတ်ကြီးဝတ်ငယ်ပြုစုနေရာ အတော်ပင် စားရသောက်ရသည်။

တစ်နေ့သ၌ မောင်မိတ္တသည် မိခင်ကြီးနေကောင်းသွားပြီဖြစ်၍ မိမိ၏ခြံထွက်သီးနှံကလေးများကိုရောင်းချရန် မြို့တော်ဆီသို့ ထွက်ခဲ့၏။ ရသေ့ကျောင်းနားဖြတ်သွားသောအခါ ရသေ့၏သတင်းကို ကြားကတည်းက မကြည်ညိုခဲ့သည်ဖြစ်သောကြောင့် ဝင်ရန်စိတ်မကူးဘဲ ဆက်သွား၏။

"ဟေ့. . ဖွတ်ကျား. . ဟိုဈေးသည်က ဘာကောင်လဲကွ"

"ဈေးသည်ပါဆိုမှတော့ ဈေးသည်ကောင်ဖြစ်မှာပေါ့ဘုရား"

"မဟုတ်ပါဘူးလေ"

"ဟုတ်ပါတယ်လေ"

"တယ်. . နင့်ပြောနေရတာနဲ့ လွန်သွားတော့မယ်။ ဒီကောင်

mgyoe.com

mgyoe.com


ငါ့ဆီကိုလာပြီး မဆည်းကပ်ဖူးကွ၊ သွား. . မြန်မြန်လိုက်ခေါ်၊ လာဘ်ပိတ်တယ်"

ဖွတ်ကျားသည် သူ့ဆရာ ရသေ့၏စကားကို မြေဝယ်မကျ နားထောင်သည်ဖြစ်သောကြောင့် တစိုက်စိုက်နှင့် သွားနေသော မောင်မိတ္တ၏နောက်သို့ ပြေးလိုက်သည်။

"ဟေ့ကောင်. . အောင်မယ်. . မိတ္တပါလား"

မောင်မိတ္တသည် သူ့နာမည်ခေါ်သံကြား၍ ရပ်လိုက်၏။

"အောင်မယ်. . ဖွတ်ကျား၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

"ငါဘာလုပ်နေတာက အရေးမကြီးဘူး။ အခု မင်းက ငါ့ဆရာရသေ့ဆီမဝင်တာက အရေးကြီးတယ်"

"ဟ. . ငါက ဈေးချိန်မှီသွားရမှာ၊ ဘယ်ဝင်နိုင်ပါ့မလဲ"

"ဟေ့. . မဝင်လို့ မရဘူးကွ၊ ဝင်ရမယ်"

"အော်. . မင်းဆရာရသေ့က တံခါးပေါက်မို့လို့ ငါက ဝင်ရမှာလား"

"အောင်မယ်. . ဒီကောင် တယ်လဲကြီးကျယ်ပါလား၊ ရောင်းတော့သာ ဟင်းရွက်ကန်စွန်း"

"ဟေ့ . . ဟင်းရွက်ကန်စွန်းရောင်းတာလည်း လုပ်ကိုင်စားသောက်တာပဲကွ၊ ကိုယ့်ဘာသာလုပ်ကိုင်စားသောက်တာ ဘာမျှမျက်နှာငယ်စရာမရှိဘူး၊ မင့်လို ရသေ့ဆိုပြီး သီလမရှိ။ ဘာမရှိလောဘကြီးတဲ့သူဆီမှာ မျက်နှာချိုသွေးပြီး . . လုပ်ရပ်"

မောင်မိတ္တ၏စကား မဆုံးခင် ဖွတ်ကျားက မောင်မိတ္တကို ပါးပိတ်ရိုက်လိုက်သဖြင့် စကားသံရပ်သွားလေ၏။ ထိုအခါ မောင်မိတ္တမှာ မခံမရပ်နိုင်ဖြစ်သွားကာ အထမ်းကိုချ၍ ဖွတ်ကျားကို လက်သီး

mgyoe.com

mgyoe.com



နှင့် ထိုးရာ ဖွတ်ကျားမှာ မြေကြီးပေါ်တွင် လိမ့်နေလေတော့သည်။

"ဟိတ်. . . လူရမ်းကား ရပ်လိုက်"

ရသေ့သည် အနားရောက်လာ၏။ မောင်မိတ္တသည် အထိုးရပ် လိုက်ပြီး ရသေ့ဘက်သို့တစ်ချက်လှမ်းကြည့်သည်။ သို့သော် ဘာမျှ မပြောတော့ပဲ ခရီးဆက်ထွက်ရန် ထမ်းပိုးကိုပြန်ထမ်းလိုက်သည်။ ရသေ့သည် ပတ္တမြားကို ပါးစပ်ထဲသို့ထည့်လိုက်သည်။

မောင်မိတ္တသည် ထမ်းပိုးကိုထမ်းပြီးခြေလှမ်းမည်ပြုစဉ် နောက် ဆီမှ အသံကြား၍လှည့်ကြည့်ရ၏။ ရသေ့သည် သူ့ကိုလက်ညှိုးထိုး ၍ ကျိန်တော့သည်။

"ဟေ့. . လူမိုက်၊ မင်းက သတ္တိရှိလှပြီပေါ့-ကောင်းပြီ၊ ငါလို သူတော်ကောင်းကို ပြစ်မှားတဲ့အတွက် မင်းကို ငါကျိန်တယ်၊ ခုအချိန် ကစပြီး တစ်စုံတစ်ဦးဟာ ရယ်လိုက်တာနဲ့တစ်ပြိုင်နက် မင်းသတ္တိ တွေပျောက်ပြီး မင်းဟာ လူကြောက်၊ လူ့အညွန့်တုံးဖြစ်ရမယ်၊ ကဲ. . သွားတော့"

ရသေ့က သွားတော့ဟုမဆိုလည်း မောင်မိတ္တကား သွားမည် သာဖြစ်၏။ သူသည် ဤလိုလူမျိုးနှင့်အချိန်ကုန်မခံနိုင်ပါ။

ဤသို့ဖြင့် မောင်မိတ္တသည် စမ္ပာဝတီမြို့တော်၏ဈေးထဲတွင် သစ်သီးသစ်နှံ ဟင်းသီးဟင်းရွက်များကို ရောင်းချနေ၏။

ထိုစဉ်အခိုက်တွင် ဖွတ်ကျားသည် သူ့ရှေ့သို့ရောက်လာသည်။

"ဟေ့. . မိတ္တ၊ရော့. . . တစ်ပဲ၊ မင်းရဲ့ကုန်တွေအားလုံး ငါ့ကို ရောင်းလိုက်"

"ဘာလဲ. . မနက်စောစောက နားရင်းရိုက်ခံရတာမေ့သွားလို့ လား၊ဘာစကားတွေ လာပြောနေတာလဲ"

mgyoe.com

mgyoe.com



မောင်မိတ္တသည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထကာ ဘေးနားက သစ်ပင်တွင်မှီထောင်ထားသော ထမ်းပိုးကို ဆွဲလိုက်၏။

"ဟား. . ဟား. . ဟား၊ စကားကြောမရှည်နဲ့ ခုချက်ချင်းပေးလိုက်"

ဖွတ်ကျားသည် ပဲစေ့ကိုပစ်ချပေးလိုက်၏။ အံ့သြစရာကောင်းသည်ကား ဖွတ်ကျား၏ရယ်သံထွက်ပေါ်လာသောအခါ မောင်မိတ္တ၏သတ္တိများမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏။ ချက်ချင်းပင် တုန်တုန်ရီရီဖြစ်လာကာ ငွေတစ်ပဲရရုံနှင့် ဖွတ်ကျားကို ကုန်ပစ္စည်းများသာမက တောင်းများရော၊ ထမ်းပိုးကိုပါ ပေးလိုက်ရလေတော့သည်။

ဖွတ်ကျားကား ဝမ်းသာအားရ ထမ်း၍ သူ့ဆရာရသေ့ဆီသို့ ပြန်လေ၏။

မောင်မိတ္တမှာ စောစောပိုင်းက ရောင်းချ၍ရသမျှသော ငွေကလေးနှင့် ဝယ်ခြမ်းစရာများကို မလောက်မငဝယ်ခြမ်းကာ စိတ်မချမ်းသာစွာနှင့် အိမ်သို့ပြန်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ မိခင်ကြီးစိတ်မကောင်းမည်စိုး၍ ဘာမှပြန်မပြောဘဲထား၏။

သို့သော် မိခင်ဟူသည် သားသမီးတို့၏ အရိပ်အကဲကို သိစမြဲသာဖြစ်ပေသည်။

မောင်မိတ္တ မျက်နှာမကောင်းသည်ကိုမြင်၍ အကျိုးအကြောင်းကို အတင်းမေးရာ နောက်ဆုံးတွင်မောင်မိတ္တမှာ ဖြစ်ကြောင်းကို အကုန်အစင်ပြန်၍ ပြောပြရတော့၏။

ထိုအခါ မိခင်ကြီးမှာ စိတ်မချမ်းသာစွာနှင့်ဘုရားစင်သို့သွားပြီး မျက်ရည်စက်လက်နှင့် ဘုရားကို ဦးချသည်။

mgyoe.com

mgyoe.com


"သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား၊ တပည့်တော်မ၏ သား မောင်မိတ္တသည် မိဘ၏ကျေးဇူးကို အလွန်သိတတ်သူဖြစ်ပါ သည်။ ကျေးဇူးကိုလည်း ကြိုးစားပြီးဆပ်နေသူဖြစ်ပါသည်။ သူဟာ မတရားလည်းမလုပ်ပါ။ မဖြောင့်မတ်သောအလုပ်ကိုလည်း မလုပ် ပါ။ လောကမှာ ကောင်းတာကိုလုပ်၍ ကောင်းတာဖြစ်မလာချင် ရှိပါစေ၊ ကောင်းတာကိုလုပ်၍ ဆိုးတာဖြစ်လာခြင်းကား တရားပျက် လှပါသည်ဘုရား. . "

မိခင်အိုသည် မျက်ရည်စက်လက်နှင့် ဘုရားကိုသာအားကိုးရာ ရှိသည်နှင့် ဘုရားကိုပင် တိုင်တည်လိုက်လေသည်။

ထိုအခိုက် အိမ်သည် သိမ့်ခနဲဖြစ်သွား၏။

မရှေးမနှောင်းပင် ရုပ်ရည်ချောမောလှပသော လုလင်ပျိုတစ် ဦးသည် အစိမ်းရောင်အဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ အိမ်ပေါ် တက်လာသည်။

မောင်မိတ္တနှင့်မိခင်အိုတို့သည် ဧည့်သည်ကို နေရာပေး၍ မောင်မိတ္တက စကားကို စတင်၍ပြောလိုက်၏။

"မိတ်ဆွေက ဘာကိစ္စပါလဲခင်ဗျာ၊ ကျွန်တော်က ဘယ်လို အကူအညီပေးနိုင်ပါသလဲ. . "

"ကျွန်တော်က အကူအညီတောင်းဖို့လာတာမဟုတ်ပါဘူး၊ အကူ အညီပေးဖို့လာတာပါ။ ကျွန်တော့်ကို ဘာဘာညာညာ ထွေထွေ ထူးထူးတော့ မမေးကြပါနဲ့ခင်ဗျာ။ ကျွန်တော်ပြောတာသာ ယုံယုံ ကြည်ကြည်နားထောင်ကြပါ။ ကျွန်တော်ဟာ အဓိဋ္ဌာန်ဥပုသ် ဆောက်တည်နေသူပါ။ အခု ဒီကမိတ်ဆွေ ကျိန်စာသင့်နေတာက ဘယ်ပုံကျိန်စာလဲဆိုတာ သိပါရစေ။

mgyoe.com

mgyoe.com


"တစုံတစ်ဦးက ရယ်လိုက်ရင် ကျွန်တော့်မှာရှိတဲ့သတ္တိတွေ ပျောက်ကုန်တာပါပဲခင်ဗျာ. ."

"ဟုတ်ကဲ့၊ ဒါဖြင့် သိပ်လည်း ပူမနေပါနဲ့၊ ဒီကျိန်စာမျိုးရဲ့ အဖြေဟာလည်း ဒီအတိုင်းပါပဲ။ တစုံတစ်ဦးက ရယ်လို့ မူလရှိရင်းစွဲသတ္တိတွေပျောက်ကုန်တယ်ဆိုရင် တစုံတစ်ဦးက ရယ်လိုက်ရင် မူလစိတ်ကို ပြန်ရောက်ပါတယ်"

"ဒါပေမယ့်ဗျာ. . ဒီလိုတစ်ဦးဦးကရယ်လိုက်တိုင်း ရယ်လိုက်တိုင်းသာ စိတ်တွေ ဂယောက်ဂယက်ဖြစ်ပြီး လူကြောက်၊ လူအညွန့်တုံးဖြစ်ဖြစ်နေရတယ်ဆိုရင် ဘယ်ကောင်းနိုင်ပါ့မလဲ"

"အခိုက်အတန့်တော့ ဒီလိုပဲ သည်းခံပါခင်ဗျာ။ ကျွန်တော် အဓိဋ္ဌာန်ဥပုသ်စေ့ပြီးရင်တော့ ရသေ့ဆီကနှုတ်ငုံကျောက်ကို ပြန်သိမ်းနိုင်မှာမို့ သူ့ကျိန်စာတွေမှန်သမျှလည်း ရာသက်ပန် ပျက်ပြယ်သွားရမှာပါလေ၊ ကိုင်း. . ပြန်ခွင့်ပြုပါအုံး"

ပြောပြောဆိုဆိုနှင့် လုလင်ပျိုသည် အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားလေသည်။ မောင်မိတ္တတို့ သားအမိမှာ စိတ်၏ပူဆွေးသောကရောက်ရခြင်းအတွက် အနည်းငယ်တော့ သက်သာရာရသွားကြသည်။

ဤသို့ဖြင့် ရက်လ ကာလကြာညောင်းလာခဲ့လေ၏။

တစ်နေ့သ၌ စမ္ပာဝတီမြို့တော်ကြီးမှ မောင်းကြေးနင်းခတ်သူများသည် ပိတောက်ပျိုဇနပုဒ်ကလေးသို့ ရောက်လာကြလေ၏။

မောင်းကြေးနင်းခတ်သည့်အကြောင်းမှာ စမ္ပာဝတီမြို့ရှင်ဘုရင်ကြီး၏သမီးတော် ကလျာဏီမင်းသမီးကလေးမှာ အရွယ်ရောက်လာပြီဖြစ်သောကြောင့် ဖူးစာရှင်ရွေးရန် ပန်းကုံးစွပ်ပွဲတော်

mgyoe.com

mgyoe.com


ကြီး ကျင်းပမည်ဖြစ်သည့်အကြောင်း၊ ထိုပွဲတော်ကြီးသို့ ဘုရင်ကြီး၏ ပိုင်နက်ဖြစ်သော မြို့ရွာနယ်ကျေးတို့တွင် ရှိသမျှသော အရွယ်ရောက်သူ လူပျိုလူရွယ်မှန်သမျှ တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ စုံစုံလင်လင်ထဲမှရွေးချယ်လိုသည်ဖြစ်၍ စည်းကမ်းချက်နှင့်ညီသူမည်သူမဆို မတက်ရောက်ဘဲမနေရန်အကြောင်း၊ အကယ်၍ မတက်ရောက်ဘဲနေပါက ဘုရင်ကြီးကိုယ်တိုင် စစ်ဆေး၍ ကွပ်မျက်ပစ်သည်အထိ အရေးယူမည်ဖြစ်ကြောင်း၊ သမီးတော်၏ ရွေးချယ်ခြင်းခံရသူကို သမီးတော်နှင့်ထိမ်းမြားလက်ထပ်ပေးပြီး အိမ်ရှေ့ဥပရာဇာအရာ အပ်နှင်းမည်ဖြစ်ကြောင်းများ ပါဝင်လေသည်။

ပိတောက်ပျိုဇနပုဒ်ကလေးမှ လူပျိုလူရွယ်ကလေးများသည် များစွာပျော်ရွှင်လျက်ရှိကြကာ စိတ်ကူးတွေယဉ်နေကြ၏။ မောင်မိတ္တသည်ကား များစွာစိတ်ဝင်စားမှုမရှိလှချေ။ သို့သော် မင်းပြစ်မင်းဒဏ်သင့်မည်ကတစ်ကြောင်း၊ မိခင်အိုကြီးက တိုက်တွန်းသည်ကတစ်ကြောင်း ပန်းကုံးစွပ်ပွဲတော်သို့ သွားတော့သွားရမည် ဖြစ်လေသည်။ ဖွတ်ကျားတစ်ယောက်သည်ကား ကလျာဏီမင်းသမီးက ပန်းကုံးစွပ်ရမည့်သူမှာ မိမိတစ်ယောက်တည်းသာ ဖြစ်ရမည်ဟု ကြုံးဝါးလျက် သူ့ဆရာရသေ့သီလကြောင်ထံတွင် ခါတိုင်းထက် ပိုမိုတိုးလျှိုးပျပ်ဝပ်ကာ ဆည်းကပ်လျက်ရှိလေတော့သည်။

ဤသို့ဖြင့် သမီးတော်၏ ပန်းကုံးစွပ်ပွဲတော်ကျင်းပမည့် နေ့ရက်သို့ ရောက်လာခဲ့လေ၏။

စမ္ပာဝတီမြို့တော်ကြီး၏အပြင်တွင်ရှိသော ကွင်းပြင်ကြီးမှာ အဆောင်တဲနန်းမဏ္ဍပ်တို့ဖြင့် စည်စည်ကားကားရှိလှတော့သည်။ ဈေးဆိုင်ကန္နားများလည်း စုံလင်လှ၏။ လူအို၊ အိမ်ထောင်သည်များ

mgyoe.com

mgyoe.com


လည်း ကိုယ်တိုင်က ပန်းကုံးစွပ်ပြိုင်ပွဲကိုဝင်ရန်မဟုတ်သော်လည်း မင်းသမီးက မည်သူ့အားပန်းကုံးစွပ်သည်ကို သိလိုသောစိတ်ဇောကြောင့် ရောက်ရှိလာကြသည်။ ရသေ့သီလကြောင်လည်း သူ့တပည့်ဖွတ်ကျားကို အားပေးလိုသောကြောင့် ရောက်ရှိခဲ့၏။

ပွဲတော် စတင်သည်နှင့်တစ်ပြိုင်နက် သဘင်ဝန်အမတ်ကြီးက အမိန့်တော်ပြန်လိုက်သည်။

"ပြိုင်ပွဲဝင် လူငယ်လူရွယ်အပေါင်းတို့လေ. . ဘုရင့်သမီးတော် ကလျာဏီမင်းသမီး၏ဆန္ဒမှာ နိုင်ငံကိုကာကွယ်နိုင်သူ၊ သတ္တိရှိသူကိုမှ သခင်အဖြစ် ချစ်တော်မူနိုင်မည်ဖြစ်သောကြောင့် နှစ်ဦးချင်း မြင်းစီး၍ ဓားချင်းယှဉ်ခုတ်ပြီး နောက်ဆုံးနိုင်သူကိုမှ ပန်းကုံးစွပ်လိုသော ဆန္ဒရှိချေသည်။ သို့ကြောင့် စီးချင်းမတိုက်ဝံ့သူများသည် ယခုကပင် မိမိတို့ဆန္ဒအလျောက် နောက်ဆုတ်ကြောင်း စာရင်းပေးသွင်းနိုင်ကြသည်။ နောက်ဆုတ်ရှောင်ရှားသူများ၏ ကိစ္စပြီးပြတ်လျှင် ပြီးပြတ်ချင်း သတ္တိသွေးယှဉ်ပြိုင်ပွဲကြီး စတင်တော့မည် အမိန့်တော်. . ."

ပွဲခင်းသည် ရုတ်တရက်ငြိမ်ကျသွား၏။ ထို့နောက် ဆူဆူညံညံပြန်ဖြစ်လာကာ မယှဉ်ဝံ့သူများသည် စာရင်းပေးသွင်းကြ၏။ သူတို့၏ကိစ္စပြီးပြတ်သောအခါ ယှဉ်ပြိုင်လိုသူများအတွက် ဘုရင့်မြင်းတပ်မတော်မှမြင်းများကို စီးခွင့်ပြုသည်နှင့်အညီ ယှဉ်ပြိုင်မည့်သူများသည် မြင်းများကိုခဏမျှ လေ့ကျင့်စီးနင်းကြရ၏။ သူတို့အားအားလုံး မိမိတို့၏ဓားများကို ကိုင်လိုက ကိုင်ခွင့်ပေးထား၍ ဓားမရှိသူများအတွက် ဘုရင့်လက်နက်တိုက်က ဓားများကိုထုတ်ပေး၏။

မောင်မိတ္တသည်ဘား ကွယ်လွန်သူဖခင်ကြီး၏ ဓားကိုကိုင်၏။

mgyoe.com

mgyoe.com


သူ့ဖခင်ကြီးမှာ စစ်သည်တော်ဟောင်းကြီးဖြစ်ခဲ့သည်။

ထိုနေ့တစ်နေ့လုံးမှာ ကွင်းပြင်တွင်စီးချင်းတိုက်ကြရ၏။ သူ့အတွဲနှင့်သူ တိုက်ကြသည်ဖြစ်ရာ ကွင်းတစ်ခုလုံးမှာ ဖုန်တစ်ထောင်းထောင်းနှင့်ဖြစ်နေသည်။ ဓားဖြင့်ခုတ်ကြ ထစ်ကြသည်မှာလည်း ပရိသတ်များ ဟယ်ခနဲ ဟင်ခနဲဖြစ်ကြ၏။

ထိုနေ့တစ်ရက်တည်းနှင့် မပြီးပြတ်ချေ။ ထို့ကြောင့် ယှဉ်ပြိုင်ပွဲကို နေဝင်ချိန်တွင် ရပ်လိုက်ပြီးနောက်နေ့ မွန်းတည့်သို့ ချိန်းဆိုလိုက်သည်။

မောင်မိတ္တမှာ ထိုနေ့အဖို့ လူသုံးဦးနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရပြီးနိုင်ထားသည်။ ဖွတ်ကျားသည်လည်း လူလေးဦးနှင့် ယှဉ်ပြိုင်၍နိုင်ထားသည်။ ဖွတ်ကျားနိုင်သည်ကတော့ မဆန်းပါ။ ပွဲကြည့်ပရိသတ်ထဲမှ ရသေ့သီလကြောင်သည် ပတ္တမြားကိုင်၍ ဖွတ်ကျား၏ပြိုင်ဘက်ကို "လည်စင်းပေးမိစေ"ဟု ကျိန်စာဆိုနေသောကြောင့်ပင်တည်း။

ယှဉ်ပြိုင်ပွဲသည် နောက်တစ်နေ့ဆက်၍ ကျင်းပပြန်၏။ ပရိသတ်ကား ပို၍ပင် စည်ကားလာသည်။ သို့သော် ထိုနေ့တွင်လည်း မပြီးပြတ်သဖြင့် နောက်တစ်နေ့သို့ချိန်းရပြန်၏။ မောင်မိတ္တကား နိုင်လက်စနှင့်နိုင်ထားမြဲဖြစ်သလိုပင် ဖွတ်ကျားသည်လည်း အောင်ပွဲခံနေဆဲဖြစ်ပေသည်။

တတိယနေ့သို့ ရောက်ခဲ့လေပြီ။

သေသူသေ၊ ဒဏ်ရာရသူနှင့် ယှဉ်ပြိုင်နိုင်သူတွေ အနည်းငယ်ဘဲကျန်တော့သည်။ လူနည်းသွားသဖြင့် ကွင်းမှာလည်း ပို၍ကျယ်လာသလိုထင်ရ၏။ ဘုရင်မင်းမြတ်ထံမှ မောင်းသံအချက်ရသည်

mgyoe.com